ကျောင်းနိမ့်ကျေးရွာ

ပုလောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောင်းနိမ့်ကျေးရွာ၊ ပုလောမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁
စကားချီး ၄
ကျောင်းနိမ့်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပုလောမြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၇

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၇
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈
(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉
(က) လူဦးရေဆိုင်ရာ အချက်အလက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေးနှင့်အာဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၀
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည် စိန်ခေါ်မှုများ ၁၃
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၅

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၆

၈။ ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၈
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၅

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၆

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၉

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေ

ဇယား(၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများပိုင်ဆိုင်မှု

ဇယား(၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား(၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား(၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား(၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၂၄) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား(၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား(၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား(၂၈) ကျောင်းအပ်နှုန်း
ဇယား(၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား(၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား(၃၁) အဖြစ်များသော ရောဂါများ
ဇယား(၃၂) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) သောက်သုံးရေ ရရှိမှု
ဇယား(၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား(၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား(၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား(၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား(၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား(၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား(၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား(၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၅၉

ဇယား(၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား(၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၃

ဇယား(၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၆၉

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၀

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၇၀

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျောင်းနိမ့်ကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများပါဝင် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါတယ်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပုလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါတယ်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထား သော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံချက်တွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပုလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုလောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထား

ပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေး စိတ် အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျောင်းနိမ့်ကျေးရွာ
ပုလောမြို့နယ်

ကျောင်းနိမ့်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပုလောမြို့နယ်



ရည်ညွှန်း - ကျောင်းနိမ့်ကျေးရွာ၊ ကျောင်းနိမ့်ကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်း မှ ရယူသည်။ (၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၅-၁၇ ရက်)

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့်ကျွန်ုပ်တို့ ၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေ ရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက် လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

(က) နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက် ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သောဌင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ မီဒီယာများ၊ ပြန်ကြား

ဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက် သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွဲ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)။ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာဦးစား ပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲ ထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်း စေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက် အခဲ၊ နည်းပညာ အခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက်အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ အရှေ့ဘက် တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ ပုလောမြို့သည် တနင်္သာရီ တိုင်းဒေသကြီး၏ အလယ်ပိုင်းတွင်တည်ရှိပြီး ထားဝယ်မြို့၊ သရက်ချောင်းမြို့၊ မြိတ်မြို့နှင့် တနင်္သာရီမြို့များ ဖြင့် ထိစပ်လျက် ရှိပြီး ရန်ကုန် - ကော့သောင်း ကားလမ်းမကြီးနှင့် ဆက်သွယ်ထားပါသည်။

ကျောင်းနိမ့်ကျေးရွာသည် နန်းတောင်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး ပုလောမြို့မှ (၃) မိုင်နှင့် မြိတ်မြို့မှ (၅၅) မိုင် ကွာဝေးပါသည်။ ပတ်ဝန်းကျင်ရွာများမှာ နန်းတောင်ကျေးရွာ၊ ဥယျာဉ်ကမ်းကျေးရွာ၊ မကျည်းကုန်း ကျေးရွာနှင့် မင်းထိန်ကျေးရွာတို့ ဖြစ်ကြပါသည်။ ပုလောမြို့နယ်၏ (၂၀၁၄) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၉) ရက်နှင့် မိုးရေချိန်မှာ (၂၀၇.၁၃) လက်မအထိ ဖြစ်ပါသည်။

ပုလောမြို့နယ်သည် တနင်္သာရီရိုးမမှ ဖြာဆင်းလာသော တောင်တန်းများနှင့် မြေပြန့်လယ်ယာများ ပါဝင်သော ပင်လယ်ကမ်းရိုးတန်းဒေသတစ်ခုလည်းဖြစ်ပါသည်။ ကျောင်းနိမ့်ကျေးရွာသည် ပထဝီဝင်အနေ အထားအရမြေပြန့်ဒေသဖြစ်ပါသည်။ ရန်ကုန် - ကော့သောင်း ကားလမ်းမကြီးနှင့် (၂) မိုင်ခွဲခန့် ကွာဝေးပြီး

လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျောင်းနိမ့်ကျေးရွာသည်လယ်လုပ်ငန်း၊ ဥယျာဉ်ခြံ လုပ်ငန်း နှင့် မွေးမြူရေးလုပ်ငန်းကို အဓိက လုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်များ

ပုလောမြို့နယ်သည် သဘာဝသယံဇာတနှင့် ပတ်သက်၍ အနည်းငယ်ထွက်ရှိသောဒေသဖြစ်သည်။ သို့သော် ကျောင်းနိမ့်ကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ ဆေးဖက်ဝင် ကမ်းဓော်ပင် ထွက်ရှိသောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင်အပင်များ ပေါက်ရောက်သည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်။ ကျောင်းနိမ့်ကျေးရွာသည် စိမ့်စမ်းရေပေါများသောဒေသဖြစ်ပြီး၊ ဥယျာဉ်ခြံများသည် သဘာဝစိမ့်စမ်းရေကို မှီခို အားထားပါသည်။

၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ - ကျောင်းနိမ့်ကျေးရွာတွင် အိမ်ထောင်စု (၃၂၆) စု ရှိပြီး၊ ကျား (၈၀၀) ဦးနှင့် မ (၈၅၈) ဦး၊ စုစုပေါင်း (၁၆၅၈) ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင် လျှင် (၅.၁) ဦး ရှိပါသည်။ ကျောင်းနိမ့်ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ (၅၇) % ရှိပြီး အလုပ်လုပ်နိုင်သောဦးရေ စုစုပေါင်းမှာ (၉၄၈) ဦး ဖြစ်ပါသည်။ (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀)နှစ် အထက် လူဦးရေစုစုပေါင်း (၄၃) % သည် မှီခိုသူများဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု - ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှု နည်းလမ်းအရ ကျောင်းနိမ့်ကျေးရွာတွင် **အဆင့် (က)** - အဆင်ပြေသော အိမ်ထောင်စု (၉) စု သာရှိပြီး အိမ်အမျိုးအစားမှာ တိုက်ခံ၊ သွပ်မိုးအိမ်များ ဖြစ်ကာ လယ်/ဥယျာဉ်/ရာဘာခြံ (၁၀) ဧကနှင့်အထက်၊ လက်တွန်းထွန်စက်၊ ကျွဲ၊ နွားများ ပိုင်ဆိုင် ကြသည်။ အခြားပိုင်ဆိုင်မှုများလည်းရှိပြီး အချို့အိမ်ထောင်စုမှာ ကုန်စုံဆိုင်ကြီးများ ဖွင့်ထား ပါသည်။ **အဆင့် (ခ)** - အလယ်အလတ်အဆင့် အိမ်ထောင်စု (၅၈) စုတွင် ပျဉ်ထောင်၊ ပျဉ်ခင်း၊ ဓနိမိုးအိမ်များမှာ အများစုဖြစ်ပြီး လယ် (၂-၁၀) ဧက၊ ဥယျာဉ်ခြံများ၊ ရာဘာခြံများ၊ မော်တော် ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ ကျွဲ၊ နွားများ ပိုင်ဆိုင်ကြသည်။ **အဆင့် (ဂ)** - ဆင်းရဲသော အိမ်ထောင်စုမှာ (၁၇၀) အထိရှိပြီး အိမ် အနေအထားမှာလည်း ဓနိမိုး၊ ထရံကာ၊ ပျဉ်ခင်းဖြစ်ကာ လယ် (သို့) ဥယျာဉ်ခြံမြေ (၂) ဧကအောက် ပိုင်ဆိုင်ကြပြီး အများစုမှာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြပါသည်။ အကြွေးမကင်းကြသူများလည်းဖြစ်ကြပါသည်။ **အဆင့် (ဃ)** - အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ ကျေးရွာအိမ်ထောင်စု၏ (၂၇) ရာခိုင်နှုန်းအထိ ရှိပြီး အများစုမှာ မြေယာပိုင်ဆိုင်မှုမရှိကြပေ။ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ကျေးရွာရှိ လယ်ယာလုပ်ငန်းခွင်နှင့်လမ်းတံတားလုပ်ငန်းများတွင် ကျပန်းလုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု - ကျောင်းနိမ့်ကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၂၅၉) စု ရှိသည့်အနက် (၂၀၂) အိမ်ထောင်စု မှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင်စားသောက်နိုင်ပြီး၊ (၄၂) အိမ်ထောင်စုမှာ (၃ - ၅) လ အထိ ဝမ်းစာဖူလုံမှု ရှိ၍ (၁၇) အိမ်ထောင်စုမှာ (၆) လနှင့် အထက်ချေးငှားခြင်းမပြုဘဲထမင်းပုံမှန်/နပ်မှန်အောင်စားသောက်နိုင်ကြပါသည်။ လူငယ်များသည် မိမိတို့ဒေသတွင်အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် တစ်ဖက်အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုများခြင်းကြောင့် ကူးစက်ရောဂါရနိုင်မှု အခွင့်အလမ်း မြင့်မားနိုင်ပြီး ဆက်စပ်နေသော မိသားစုဝင်များသည်လည်း ကူးစက်ရောဂါ ကူးစက်နိုင်ခြေမြင့်မားပါသည်။ ဘေးအန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ရပါကမြေယာမဲ့များ၊ ဆင်းရဲသားတောင်သူများသည်လည်းပြန်လည်ထူထောင်ရန် အခက်အခဲများရှိသောကြောင့် ထိခိုက်မှုမြင့်မားနိုင်ပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ - ကျောင်းနိမ့်ကျေးရွာတွင် အဖြစ်များဆုံးသော ရောဂါများမှာ သွေးလွန်တုပ်ကွေးရောဂါနှင့် ဌက်ဖျားရောဂါတို့ ဖြစ်ကြပါသည်။ အသေးစားကျန်းမာရေးစောင့် ရှောက်မှုများအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲသည် နန်းတောင်ကျေးရွာတွင်တည်ရှိပြီး သားဖွားဆရာမတစ်ဦး၊ ကြီးကြပ်တစ်ဦး ရှိပါသည်။ မီးဖွားခြင်းနှင့် တခြားအရေးပေါ်ကိစ္စများကို များသောအားဖြင့် ပုလောမြို့သို့ သွားရောက်ကုသကြပါသည်။ ကျေးရွာအိမ်ထောင်စု၏ (၆၁)ရာခိုင်နှုန်းခန့်သာ ယင်လုံအိမ်သာကို သုံးစွဲနိုင်ကြပြီး ကျန်သောအိမ်ထောင်စုများမှာ ကျင်းအိမ်သာသုံးခြင်းနှင့် တောထိုင်ခြင်းပြုကြပါသည်။ ကျေးရွာအတွက် သောက်ရေသုံးရေဖူလုံမှုရှိပြီးရေနှင့် ပတ်သက်သောပြဿနာတစ်စုံတစ်ရာမရှိပေ။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ - ကျောင်းနိမ့်ကျေးရွာတွင် စာတတ်မြောက်မှုမှာ (၉၉) ရာခိုင်နှုန်း ရှိပါသည်။ ကျေးရွာတွင် တွဲဖက်အလယ်တန်းကျောင်း ရှိနေပြီ ဖြစ်သောကြောင့် အလယ်တန်းအဆင့် တတ်မြောက်သူဦးရေ များပြား လာပါသည်။ လမ်းကောင်းမွန်လာသောကြောင့် ပုလောမြို့တွင် အထက်တန်းအဆင့် သွားတက်သူ ကျောင်းသား/သူ ဦးရေ တိုးတက်လာပါသည်။ လက်ရှိကာလတွင် တက္ကသိုလ်တက်ရောက်နေသူ (၁၈) ဦးရှိပြီး ကျေးရွာရှိ ဘွဲ့ရဦးရေမှာ လည်း (၁၁) ဦးအထိ ရှိလာပြီ ဖြစ်သည်။

ကျောင်းနိမ့်ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း(လယ်လုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း၊ ရာဘာခြံလုပ်ငန်း) ဖြစ်ပြီး နွား၊ ကျွဲ၊ ကြက်၊ ဝက်၊ ဆိတ်၊ ဘဲ စသည့် တိရစ္ဆာန်များကိုမွေးမြူကြပြီး ဒေသကြက်ကို အိမ်စားအဖြစ် မွေးမြူသောအိမ်ထောင်စုမှာ အများစုဖြစ်ပါသည်။ စိုက်ပျိုးမြေမပိုင်ဆိုင်သောအိမ်ထောင်စုများမှာစိုက်ပျိုးရေးလုပ်ကိုင်သူ အိမ်ထောင်စုများအပေါ် အဓိက မှီခိုကြရပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု - ကျောင်းနိမ့်ကျေးရွာတွင် အမျိုးသမီး လုပ်သားမှာ အမျိုးသား လုပ်အားထက် (၄) ရာခိုင်နှုန်းခန့် ပိုမိုပါသည်။ အမျိုးသမီးတစ်ဦးလျှင် လုပ်အားခအဖြစ် တစ်နေ့လျှင် (၃,၅၀၀) ကျပ်နှင့် အမျိုးသားတစ်ဦးလျှင် (၅,၀၀၀) ကျပ်ရရှိကြပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင်အမျိုးသမီးဦးရေမှာပိုမိုများပြားပါသည်။ ကျောင်းဆရာမများမှာကျေးရွာ၏ ပညာသင်ကြားရေးကဏ္ဍတွင် အဓိကဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးကြီးအဖွဲ့၊ အမျိုးသမီး ရေးရာအဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့်နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် - ကျောင်းနိမ့်ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက် နေသော အဖွဲ့များမှာ ရပ်မိရပ်ဖအဖွဲ့၊ ဂေါပကအဖွဲ့ ၊ ကာလသား၊ ကာလသမီးအဖွဲ့၊ အမျိုးသမီးကြီးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိခင်/ကလေး၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်တပ်ဖွဲ့ စသည်ဖြင့် သာရေးနာရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ (ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးဆိုင်ရာနှင့် မီးဘေးလုံခြုံရေး စသည်တို့)တွင်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်အတူ ပူးပေါင်း ဆောင်ရွက်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင် ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ် ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ - ကျောင်းနိမ့်ကျေးရွာတွင် လယ်မြေ ဧက (၃၀၀) ကျော် ရှိပြီး မိုးကောင်းသောက်လယ်များဖြစ်ကြသည်။ မိုးစပါးစိုက်ပျိုးခြင်းကို ဇွန်၊ ဇူလိုင်လများတွင် စိုက်ပျိုးကြပြီး စိုက်ဧကအားလုံးသည် ကြဲပက် စိုက်ပျိုးကြပါသည်။ နွေစပါးစိုက်ပျိုးခြင်းကို စိမ့်စမ်းရေများမှ စီးဆင်းလာသော ဘုရားအောက်ချောင်းမှ မြေသားတမံများ ပိတ်ဆို့၍ ဧက (၁၀၀) ခန့်သာ ရေတင် စိုက်ပျိုးနိုင်ကြပါသည်။ ဥယျာဉ်ခြံနှင့် ရာဘာခြံစိုက်ပျိုးသော ဧရိယာသည် အများဆုံး ဖြစ်ပြီး (၅၂၅) ဧက ရှိပါသည်။ ဥယျာဉ်ခြံများတွင် ကွမ်းသီးကိုသာ အဓိကအားထား စိုက်ပျိုး ကြသည်။ ကွမ်းသီးကို အစိုဓာတ်များသောမြေများတွင် စိုက်ပျိုးလေ့ရှိကြပြီး အလွယ်တကူဖြစ်ထွန်း အောင်မြင်သည်။ ကွမ်းသီးစိုက်ပျိုးဖြစ်ထွန်းခြင်း မရှိသော ကုန်းမြင့်ပိုင်းမြေများတွင်ရာဘာကို စိုက်ပျိုးကြသည်။

ကျောင်းနိမ့်ကျေးရွာတွင် နွား၊ ကျွဲ၊ ကြက်၊ ဝက်၊ ဆိတ်၊ ဘဲ စသည့် တိရစ္ဆာန်များကို မွေးမြူ ကြပါသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ (၁၆၇) အိမ်ထောင်စုရှိပြီး ဒေသကြက်ကို တစ်ပိုင် တစ်နိုင် မွေးမြူသော အိမ်ထောင်စုမှာ အများစု ဖြစ်ပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာ ဝက်မွေးမြူရေးကို အဓိက အားထား လုပ်ဆောင်ကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ - ကျေးရွာအတွင်းရှိ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ် လက်ဖက်ရည်ဆိုင်၊ ဆံသဆိုင်၊ သယ်ယူပို့ဆောင်ရေး၊ ပွဲစား၊ ဝန်ထမ်း၊ ပန်းရံ၊ လက်သမား၊ စက်ပြင်၊ စက်ဘီး/ဆိုင်ကယ်ပြင်၊ အပ်ချုပ် လုပ်ငန်း စသည် ကဏ္ဍများတွင် လုပ်ကိုင် နေကြပါသည်။ ကျေးရွာမှ ကျပန်းလုပ်သား အိမ်ထောင်စုများမှာ အများအားဖြင့် ကွမ်းသီးခွဲခြင်း၊ ကွမ်းရွက်ခူးခြင်း၊ ကွမ်းသီးအခွံခွာခြင်း၊ ရာဘာအစေးခြစ်ခြင်း၊ ဒူးရင်းသီးခူးခြင်း၊ ကောက်ရိတ်ခြင်းတို့ကို လုပ်ကိုင်ကြပါသည်။ ထို့အပြင် ကျေးရွာရှိ (၉၃) အိမ်ထောင်စုမှ (၁၅၂) ဦးသည် ဘုတ်ပြင်းနှင့် ထားဝယ် (၈) မိုင် ဒေသများရှိ ရာဘာ အစေးခြစ်လုပ်ငန်းများတွင် လည်းကောင်း၊ ထိုင်းနိုင်ငံ၊ မလေးရှားနှင့် စင်္ကာပူနိုင်ငံတို့တွင် လည်းကောင်း သွားရောက် လုပ်ကိုင်နေကြပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု - ကျေးရွာတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့မှာ နှစ်စဉ်နှစ်တိုင်းဖြစ်လေ့ရှိသည်။ ထို့အတွက် မြေပြိုခြင်းကိုတားဆီးရန် တောင်စောင်း နံရံများကိုလှေကားထစ်သဖွယ်အနည်းငယ်ထစ်ထားခြင်းမှလွဲ၍အခြားကြိုတင်သတိပေးစနစ်များ၊အရေးပေါ်အစီအစဉ်များဆောင်ရွက်ထားရှိခြင်းမရှိပေ။ ထိုတောင်စောင်းဘေးမှ အိမ်များမှာ အသက်အန္တရာယ်နှင့် ရင်ဆိုင်ရနိုင်ပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု - စိုက်ပျိုးရေးတောင်သူများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ နွေစပါးနှင့် မိုးစပါးအတွက် ထုတ်ချေးနိုင်သည်။ ထုတ်ချေးသည့်နှုန်းမှာ တစ်ဦးနှင့်တစ်ဦး မြေဧကအပေါ် မူတည်၍ ကွာခြားမှုရှိပါသည်။ အတိုးနှုန်းမှာ တစ်လလျှင် (၀.၄၂ ရာခိုင်နှုန်း)ဖြစ်ပြီး (၆) လပြည့်ပါက အတိုးနှင့် အရင်း တစ်ကြိမ်တည်းပေါင်းပြီးပြန်လည်ပေးဆပ်ရသည်။ ထို့အပြင် ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင်ရှိသော ငွေပဒေသာပင်၏ စုငွေချေးငွေ အစီအစဉ်မှ ကျေးရွာသူ၊ ရွာသားများသို့ ငွေချေးရာတွင် တစ်လလျှင် အတိုးနှုန်း (၅%) ဖြင့်တစ်နှစ်ကြာ ထုတ်ချေးနေပါသည်။ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးဆောင်ဖွဲ့စည်းထားသော သမဝါယမအသင်းတွင် ပါဝင်သူ (၇၀)ဦးရှိသည်။ သမဝါယမအဖွဲ့ဝင်များသည် တစ်ဦးလျှင် (၁၀၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးနိုင်ပြီး အတိုးနှုန်းမှာ တစ်လလျှင် (၁.၁၅%) ဖြစ်သည်။ ချေးငွေအား (၆) လကြာလျှင် အရင်း၊ အတိုး အားလုံးပြန်ဆပ်ရသည်။ ထိုချေးငွေ၏လုပ်ဆောင်မှုစနစ်ကို သဘောပေါက်မှု အားနည်းသောကြောင့် ကျေးရွာသူ၊ ရွာသားများအနေဖြင့် စိတ်ဝင်စားမှု အားနည်းကြသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး - ကျေးရွာတွင် တွဲဖက် အလယ်တန်းကျောင်းအဖြစ် အသိအမှတ် ပြုခံရသည်မှာ တစ်နှစ်ပင် ရှိသေးသည်။ ပညာရေး ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် (၁) စာသင်ကျောင်းတွင် ဆရာ၊ ဆရာမ အလုံအလောက်၊ ပရိဘောဂ အလုံအလောက် ရှိစေလိုခြင်း၊ (၂) ရွာနီးချုပ်စပ်မှ

ကျေးရွာသို့ စာလာသင်သည့် ဆရာ၊ ဆရာမများ တည်းခိုနိုင်ရန် ဝန်ထမ်းအိမ်ရာများ ရှိစေလိုခြင်း၊ (၃) ကျောင်းတွင် ကလေးငယ်များ အဆင့်မီ ပညာသင်ကြားနိုင်ရန် ကွန်ပျူတာနှင့် မိတ္ထူကူးစက်လိုအပ်ခြင်း၊ (၄) မူကြို ကျောင်း ရှိစေလိုခြင်း စသည်တို့ ဖြစ်ပါသည်။

ကျောင်းနိမ့်ကျေးရွာတွင် အဖြစ်အများဆုံးသောရောဂါများမှာ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါတို့ဖြစ်ကြသည်။ နန်းတောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ရှိပြီး အသေးစားကိစ္စရပ်များအတွက် အဆင်ပြေသော်လည်း မီးဖွားခြင်းနှင့်တစ်ခြားအရေးပေါ်ကိစ္စများကို များသောအားဖြင့် ပုလောမြို့သို့ သွားရောက် ကုသကြပါသည်။ ပုလောမြို့နယ် ဆေးရုံတွင်မူ ဆရာဝန် (၇) ဦး၊ နပ်(စ်) (၁၈) ဦးနှင့် အခြားဝန်ထမ်း(၁၃) ဦး ရှိပါသည်။ အကယ်၍ ရောဂါကြီးများလျှင်ပုလောမြို့မှ မြိတ်မြို့သို့ လွှဲပေးလေ့ရှိသည်။ ကျေးရွာလူထုမှကျေးရွာအတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုရှိလျှင် ပိုမိုကောင်းမွန်ပါမည်ဟု သုံးသပ် ဆွေးနွေးကြပါသည်။

တစ်ရွာလုံးအတွက် သောက်သုံးရေကို ကျေးရွာရှိ စိမ့်စမ်းရေနှင့် ရေတွင်းများမှ ရရှိပါသည်။ သို့သော်လည်းကျေးရွာရှိ အိမ်တိုင်းသို့ ရေပိုက်လိုင်း သွယ်တန်းခြင်းအတွက် စီစဉ်ဆောင်ရွက်ခြင်း၊ ကျေးရွာ အတွင်းတွင် အိမ်တိုင်းစေ့ယင်လုံအိမ်သာဆောက်လုပ်ကြရန်နှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျကြောင်း သုံးသပ်ဆွေးနွေးကြပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု - ကျေးရွာရှိ အဖွဲ့အစည်းအသီးသီးတွင် ခေါင်းဆောင်မှုပိုင်းမှာ လူကြီးများသာဖြစ်သည်။ လူငယ်များမှာ ပညာအရည်အချင်း အားနည်းပြီး ပါဝင်ခွင့်၊ ခေါင်းဆောင်ခွင့် နည်းရခြင်းကြောင့် မိမိကိုယ်မိမိ ဦးဆောင်ဦးရွက် ဆွေးနွေးနိုင်သူများဟု ယုံကြည်မှုမရှိကြပါ။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်း နည်းပါးပါသည်။ အင်တာနက်၊ သတင်း၊ ဂျာနယ်များကို လက်လှမ်းမမီခြင်း၊ ရုပ်မြင်သံကြားရှိသော်လည်း မီးမရ ရှိခြင်း၊ စာကြည့်တိုက်မရှိခြင်းတို့က လူငယ်များသင်ယူလေ့လာခွင့်များကို ဟန့်တားထားပါသည်။

(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး - ကျေးရွာတွင် ကားလမ်းကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပြီး ရေကြောင်းလမ်းကို ကုန်ပစ္စည်းများ သယ်ယူရန် အတွက်မိုးတွင်းဘက်ကာလတွင်သာ အသုံးပြုနိုင်သည်။ ကျောင်းနိမ့်ကျေးရွာသို့ ကျောင်းနိမ့်-မကျီးကုန်းလမ်း၊ ကျောင်းနိမ့်-နန်းတောင်လမ်းစသည့် လမ်း (၂) သွယ်ဖြင့်သွားလာနိုင်ပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးကို ပုဂ္ဂလိက တစ်ဦးတည်းမှ ဒီဇယ်အင်ဂျင်ဖြင့် မီးပေးပါသည်။ ညပိုင်းတွင် တစ်နေ့လျှင် (၃) နာရီ မီးပေးသည်။ ကောက်ခံနှုန်းမှာ မီး (၂) လုံးလျှင် တစ်နေ့ကျသင့်ငွေမှာ (၂၀၀) ကျပ် ဖြစ်သည်။ ကျေးရွာ၏ သုံးပုံနှစ်ပုံခန့်မှာ ယင်းမီးကို သုံးစွဲကြပါသည်။ ကျေးရွာအနေဖြင့် ပုလောမြို့မှ ပုဂ္ဂလိကဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းရန်ဆန္ဒရှိကြပြီး ခွင့်ပြုချက်ရရန် ဒေသမှတာဝန်ရှိသူကို တင်ပြထားပါသည်။ သတင်းအချက်အလက်များကို အများဆုံးအားဖြင့် တယ်လီဖုန်းဖြင့် ဆက်သွယ်မှုပြုကြသည်။ ရပ်ဝေးဒေသများတွင် သွားရောက်လုပ်ကိုင်သူများနှင့် ဆက်သွယ်ရန် ကြိုးဖုန်းများကို အသုံးပြုကြသည်။ အင်တာနက်သုံးစွဲရန်ကိုမူ ပုလောမြို့သို့ သွားရောက်ပြီးအသုံးပြုရသည်။ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှလည်း သတင်းအချက်အလက်များကို လက်လှမ်းမီကြပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရံဖန်ရံခါရန်ဖြစ်သည်မှလွဲ၍ အခြားမှုခင်းကြီးများမရှိပေ။ ကျေးရွာရပ်မိ၊ ရပ်ဖများနှင့် အုပ်ချုပ်ရေး ပိုင်းမှလည်း ရမ်းကားမှုများ၊ မလိုလားအပ်သောပြဿနာများ မဖြစ်စေရန် လိုင်စင်မရှိသော အရက်ဆိုင်များပိတ်စေခြင်းအားဖြင့် လျော့ချသည့် အစီအစဉ်များကို ပြုလုပ်ခဲ့ကြပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျောင်းနိမ့်ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ ကျေးရွာလူဦးရေ၏ (၅၇) % ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက်သင်ကြားနေသူ (၄၅) ဦး၊ တက္ကသိုလ် တက်ရောက် နေသူ (၁၈) ဦး၊ တက္ကသိုလ်ဘွဲ့ရ (၁၁) ဦး ရှိသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးအတွက် လူစွမ်းအားအရင်းအမြစ်များရှိနေပါသည်။ လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင် ဖြစ်သည်။

ပုလောချောင်းအား ပြန်လည်တူးဖော်ပေးနေခြင်းကလည်း လာမည့်နှစ်များတွင် လယ်မြေများရေကြီးနစ်မြုပ်မှုမှ သက်သာသွားပြီး မိုးစပါး စိုက်ဧက တိုးတက်လာမည့် အခွင့်အလမ်းများရှိနေပါသည်။ ကျောင်းနိမ့်ကျေးရွာသည် ပုလောမြို့နှင့် နီးခြင်း၊ ရန်ကုန် - ကော့သောင်း ကားလမ်းမနှင့်ဆက်သွယ်ရေး လွယ်ကူခြင်းစသည့် အားသာချက်များကြောင့် ပုလော၊ မြိတ်၊ စသည့် ဈေးကွက် များကို ချိန်ဆကာ လိုအပ်ချက်ရှိနေသည့် ဟင်းသီးဟင်းရွက်၊ ပန်းမန်များကို စိုက်ပျိုးထုတ်လုပ်ခြင်း၊ စီးပွားဖြစ်မွေးမြူရေး လုပ်နိုင်ခြင်း၊ လွယ်ကူစွာ ကုန်စည် ရောင်းဝယ်နိုင်ခြင်းစသည့် အလားအလာကောင်းများရှိနေပါသည်။ ကျေးရွာအတွင်းတွင် ကုန်ချောထုတ်လုပ်နိုင်သော ကုန်ကြမ်းပစ္စည်းများ ပေါများစွာထွက်ရှိနေခြင်းကလည်း ကုန်ချောထုတ်လုပ်ငန်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် အခြေအနေကောင်းများပင်ဖြစ်သည်။

စိုက်ပျိုးထုတ်လုပ်သူ၊ မွေးမြူရေးလုပ်ကိုင်သူ၊ အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စုများအတွက် ကျေးရွာအတွင်းတွင် ဘုန်းတော်ကြီး ကျောင်း(၂)ကျောင်းရှိ ဂေါပကအဖွဲ့များမှစုငွေ/ ချေးငွေအစီအစဉ်ဖြင့် ရင်းနှီးငွေထုတ်ချေးနိုင်ခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေရရှိနိုင်ခြင်း စသည်ဖြင့် ချေးငွေရယူနိုင်မည့် နည်းလမ်းများရှိပါသည်။

ကျောင်းနိမ့်ကျေးရွာတွင် တွဲဖက်အလယ်တန်းကျောင်း ရှိခြင်းကြောင့် အလယ်တန်းအဆင့် တတ်မြောက်သူဦးရေ များပြားလာခြင်း၊ ပညာရေးရန်ပုံငွေဖြင့် အတန်းအလိုက် ထူးချွန်ကျောင်းသားများ၊ (၁၀) တန်း အောင်မြင်သူများ၊ ဂုဏ်ထူးရသူများ ဆုချီးမြှင့်ခြင်းနှင့် စီးပွားရေး အဆင်မပြေသော မိသားစုများမှ ကျောင်းသားများကို ထောက်ပံ့ပေးခြင်းများကလည်း ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် အလားအလာကောင်းများဟု ဆိုနိုင်ပေသည်။

ကျောင်းနိမ့်ကျေးရွာသို့ ကျောင်းနိမ့်-မကျီးကုန်းလမ်း၊ ကျောင်းနိမ့်-နန်းတောင်လမ်း စသည်ဖြင့် လမ်း(၂) သွယ်ဖြင့် သွားလာနိုင်ပါသည်။ ကျောင်းနိမ့်ကျေးရွာတွင် သောက်သုံးရေကို ကျေးရွာရှိ စိမ့်စမ်းရေနှင့် ရေတွင်းများမှ ရရှိပြီး တွဲဖက်အလယ်တန်းကျောင်းရှိ ကျောင်းသားများနှင့် ကျေးရွာ သူ/သားများအတွက် တစ်နှစ်ပတ်လုံး လုံလောက်ပါသည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီးအစဉ် အဆက် ထိန်းသိမ်းခဲ့သော ကျေးရွာ ဓလေ့အတိုင်း ခေါသရပွဲ (ဆွမ်းစို၊ဆွမ်းခြောက်) ကပ်လှူခြင်းနှင့် ဝါဝင်၊ ဝါထွက် လူကြီးသူမများကို ကန်တော့ခြင်းတို့ကလည်း ကျေးရွာလူငယ်များ အတွက် ဂုဏ်ယူ ဖွယ်ရာပင်ဖြစ်သည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများ ဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်း တစ်ရပ်လည်းဖြစ်သည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျောင်းနိမ့်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာတွင်းအဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှု ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံ နည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

ကျေးရွာတွင် မြေယာတိုးချဲ့စိုက်ပျိုးရန် မြေယာဖော်ထုတ်မည့် နေရာများမရှိသောကြောင့် ဆင်းရဲ သားမိသားစုများအတွက် စိုက်ပျိုးထုတ်လုပ်ခြင်းမှ ဝင်ငွေရရှိမည့် အခွင့်အလမ်း နည်းပါးသွားပြီဖြစ်ပါသည်။ ရာဘာစိုက်ပျိုးထုတ်လုပ်သော တောင်သူများသည် (၂၀၁၂)မှ စတင်၍ ဈေးနှုန်းများကျဆင်းလာခြင်းကြောင့် အကျိုးအမြတ်များမရရှိတော့သဖြင့် ထုတ်လုပ်ခြင်းကို ခေတ္တရပ်နားနေကြပါသည်။ ထို့ကြောင့် ရာဘာစိုက်ပျိုးထုတ်လုပ်သူများနှင့် ၎င်းလုပ်ငန်းကို မှီခိုနေသော ကျပန်း မိသားစုများအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများ ထိခိုက်ခဲ့ရပါသည်။

ကျောင်းနိမ့်ကျေးရွာပတ်ဝန်းကျင်ရှိ တောင်ကုန်းများကို ခုတ်ထွင်ရှင်းလင်း၍ ရာဘာစိုက်ပျိုးခြင်းကြောင့်မြေဆီလွှာများ မျောပါဆုံးရှုံးခြင်း၊ လယ်မြေများတွင် သဘာဝမြေဩဇာ ပြန်လည်ထည့်သွင်းခြင်းမရှိခြင်း စသည်တို့ကြောင့် စိုက်ပျိုးမြေများတွင် မြေဆီဩဇာကြွယ်ဝမှုမှာ အသင့်အတင့်သာရှိပါသည်။ အထွက်ကောင်းစပါးမျိုးများကိုစိုက်ပျိုးလာခြင်းကြောင့် ဓာတုမြေဩဇာသုံးစွဲမှု မြင့်မားလာသည့်အတွက် နောင်တစ်ချိန်တွင် မြေဆီလွှာ ပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်ရှိပါသည်။ တောတောင်များ ရှင်းလင်း၍ ရာဘာများ နေရာလပ်မကျန် စိုက်ပျိုးလာခြင်း ကြောင့် အပင်မျိုးစိတ်များ ပျောက်ဆုံးလာခြင်းနှင့် တိရစ္ဆာန်မျိုးကွဲများ ရှင်သန်ရန်နေရာ ရှားပါး လာခြင်း စသည်ဖြင့် အရင်းအမြစ်များ၏ ထိခိုက်မှု မြင့်မားလာနေပါသည်။

၂၀၁၄ ခုနှစ်တွင် ဝက်နာရောဂါ ဖြစ်ပွားမှုကြောင့် ဝက်များ အသေအပျောက် များပြားခဲ့ပါသည်။ ရောဂါဖြစ်ပွားမှုကိုအချိန်မီမကာကွယ်နိုင်ခြင်း၊ မထိန်းချုပ်နိုင်ခြင်း၊ မွေးမြူရေး နည်းပညာဝန်ဆောင်မှုအကန့် အသတ်ရှိခြင်း၊ အဆင့်မြင့်မွေးမြူရေး နည်းစနစ်များ အားနည်းခြင်းတို့ကလည်း မွေးမြူရေးလုပ်ကိုင်သူများအတွက် အဟန့်အတား တစ်ရပ်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာအသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှုအားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအတွက် နီးစပ်ရာကျေးရွာများ၊ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ရခြင်း၊ ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ရန် နည်းပညာများမသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များရှိနေဆဲဖြစ်သည်။

ကျေးရွာအတွင်းတွင် အဖွဲ့အလိုက် စုငွေ/ချေးငွေ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးငွေ၊ မြို့နယ်သမဝါယမဦးစီးဌာနချေးငွေစသည့် အစီအစဉ်များ ရှိနေသော်လည်း တင်းကျပ်သော စည်းကမ်းသတ်မှတ်ချက်များနှင့် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များ ရှိနေဆဲ ဖြစ်သောကြောင့် ကာလရှည်ချေးငွေ အကူအညီပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ လိုအပ်နေပါသည်။

ကျောင်းနိမ့်ကျေးရွာတွင် ကျန်းမာရေးကြီးကြပ် (၂) တစ်ဦးနှင့် အရံသားဖွား ဆရာမတစ်ဦးတို့ ရှိသော်လည်း ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများနှင့် ရောဂါလက္ခဏာများကို ကွဲပြားစွာ သိရှိနိုင်သည့် ဗဟုသုတများအားနည်းခြင်း၊ ကျေးရွာရှိအိမ်ထောင်စု၏ (၃၈) ရာခိုင်နှုန်းကျော်မှာ ကျန်းမာရေးဗဟုသုတ အားနည်း၍ ဝင်ငွေနည်းသောကြောင့် ယင်လုံအိမ်သာများ မဆောက်လုပ်နိုင်ကြပဲ ကျင်းအိမ်သာနှင့် တောထိုင်ခြင်းများကလည်း ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်ရေးတွင် အဟန့်အတား ဖြစ်စေနိုင်ပါသည်။

လမ်း၊ တံတားများ အဆင့်မြင့်တင်ရေးအတွက် ကျေးရွာလူထုမှ မတည်ငွေလိုအပ်ခြင်း၊ အိမ်ထောင် စုတိုင်းမှ

ကျေးရွာမီးလင်းရေးအတွက် ငွေအားဖြင့် ပူးပေါင်းပါဝင်ရန် မတတ်နိုင်ခြင်းတို့အတွက် အလားအလာရှိသော အလှူရှင်များ၊ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်နေပါသည်။

လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့် စာတတ်မြောက်မှု အားနည်းကြပါသည်။ ကျေးရွာ၏ဓလေ့မှာ ဘွဲ့ရပြီးသူနှင့်လူကြီးများသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်း နည်းပါးပါသည်။ အင်တာနက်၊ သတင်း၊ ဂျာနယ်များကို လက်လှမ်းမမီခြင်း၊ ရုပ်မြင်သံကြား ရှိသော်လည်းမီးမရရှိခြင်း၊ စာကြည့်တိုက် မရှိခြင်းတို့ကလူငယ်များ၏ သင်ယူလေ့လာခွင့်များကို ဟန့်တားထားပါသည်။

ကျေးရွာတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့မှာ နှစ်စဉ်နှစ်တိုင်းဖြစ်လေ့ရှိသည်။ ထိုအတွက်မြေပြိုခြင်းကိုတားဆီးရန်တောင်စောင်းနံရံများကို လေ့ကားထစ်သဖွယ် အနည်းငယ်ထစ်ထားခြင်းမှ လွဲ၍ အခြားကြိုတင်သတိပေးစနစ်များ၊ အရေးပေါ်အစီအစဉ်များဆောင်ရွက်ထားရှိခြင်းမရှိပေ။ ထိုတောင်စောင်းဘေးမှ အိမ်များမှာ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။

(ဖ)ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ ကျောင်းနိမ့်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက် ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ထားခဲ့ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင်ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့်ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့်ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက် လုပ်ကိုင်နိုင်ခြင်းဖြင့်ဝင်ငွေတိုးတက်စေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီးစီးပွား ရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာရမည်။

(၃) ရွာလူထုသည် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေးနည်းဗျူဟာများကိုကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာ၏ ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာအသုံးပြုနေသော တောင်သူများ၏ဝင်ငွေတိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်းလူကြိုက် များသောစပါးမျိုးများကိုသာ ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်

ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၂) ဒေသအတွင်း ဖြစ်ပေါ်နေသော ရာဘာစျေးကွက်ကို နားလည်ပြီး စျေးကွက်မှ တောင်းဆိုသော အရည်အသွေးကို ထုတ်လုပ်ပေးနိုင်ရန်အတွက် လိုအပ်သော သွင်းအားစုများနှင့် နည်းပညာများ စနစ်တကျ သုံးစွဲနိုင်ရန် မြို့နယ်စက်မှုသီးနှံဦးစီးဌာန၊ ပုလောမြို့နယ် ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့် ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၃) လယ်သမားငယ်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေရရှိစေရန် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏အကူအညီဖြင့်တိရစ္ဆာန်ရောဂါကာကွယ်ရေး အစီအမံများလုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ ခေတ်မီသော မွေးမြူရေး နည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းရှိ လူငယ်များ၏အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်အတွက်ဒေသ အတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရေးအတွက် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ စျေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များစျေးနှုန်း ပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှု ရရှိရန်လိုအပ်နေပါသည်။

(၅) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေနှင့် ဘုန်းတော်ကြီး ကျောင်းများအလိုက် အစုအဖွဲ့ စုငွေ/ချေးငွေအစီအစဉ်ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် လုံလောက်မှုမရှိသောကြောင့် ကာလရှည်ချေးငွေ ထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေပါမည်။

(၆) ကျေးရွာအတွင်း လျှပ်စစ်မီး ရရှိခြင်းဖြင့် အသေးစားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး၊ တီဗွီများမှတဆင့် ကျေးရွာလူထုအတွက် ဗဟုသုတများ တိုးတက်လာစေခြင်းစသည့် အကျိုးကျေးဇူးများကြောင့် ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်၊ ပုလောမြို့နယ်မှ လျှပ်စစ်မီးပေးသော အဖွဲ့နှင့်ဆက်သွယ် ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိပဲ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင်အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို

ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

ကျောင်းနိမ့်ကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်းအဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံ (ဥပမာ - ရာဘာ၊ ကွမ်းသီး) စိုက်ပျိုးသူတောင်သူများအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ နှစ်ရှည်သီးနှံ ဦးစားပေးစိုက်ပျိုးသော ဒေသဖြစ်သည့် အားလျော်စွာ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သောငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်လိုကြသည်။ ထို့အပြင် သမဝါယမဦးစီးဌာနမှ ကျေးရွာသို့ငွေစုငွေချေးကိစ္စရပ်အတွက် လာရောက်သော်လည်း ရှည်လျားများပြားလှသော လုပ်ငန်းစဉ်များကြောင့် ကျေးရွာသူ/သားများစိတ်ပါဝင်စားမှု အားနည်းလှပါသည်။ ထို့ကြောင့် ကျေးရွာသူ/သားများလိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကိုလျော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျောင်းနိမ့်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာစိုက်ပျိုး ထုတ်လုပ်သူတောင်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများသိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ ရန်ကုန်-မြိတ် ကားလမ်းမနှင့် နီးစပ်သော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန် များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည် အောင် နည်းလမ်းပြ အထောက်အပံ့ ပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေး နှင့်ကုသရေးဦးစီးဌာနနှင့် အခြား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများစီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန်လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့ အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့်ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန် တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကိုထိရောက်စွာအသုံးချနိုင်ရုံမက ဒေသတွင်းတစ်ပိုင်တစ်နိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုကို မြင့်မားလာစေမည်ဖြစ်ပါသည်။ ထို့နောက်တွင် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများတိုးတက်လာစေပြီး မိသားစုများပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်းနှင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီးဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်ပေမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများ အဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်းငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်စီမံချက်များသည်ဖွံ့ဖြိုးရေး လိုအပ်ချက်များအဖြစ်မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထား သည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃)နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ် တာကာလအတွင်း ဦးစား ပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီးလုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာရွေး ချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရ ဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာ အတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက် အကောင်အထည်ဖော်ဆောင် ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း သည်စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကိုသိရှိ နားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက်လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည်(က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည်စသည်ဖြင့် ခွဲခြား သတ်မှတ် နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)။

(၄) လူသားချင်း စာနာမှု အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်း များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက်	မှတ်ချက်
ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း					
ချေးငွေ လက်လှမ်းမီရေး	လုံလောက်သောပမာဏနှင့်သင့်တင့်သော အတိုးနှုန်းဖြင့်ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များအားလက်လှမ်းမီရေး	၉၄	၁	• ချေးငွေရရှိရန် ချေးငွေဌာနများနှင့် ချိတ်ဆက်ခြင်း။ • ကျေးရွာ စုငွေ/ချေးငွေ အစီအစဉ်အားပြန်လည် ရေးဆွဲခြင်း။ • ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း။	•
ပညာရေး					
ကလေး ပညာရေး ဖွံ့ဖြိုးရေး	ကျေးရွာ၏ပညာ တတ်မြောက်မှု တိုးတက် ရေး	၉၀	၂	• မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ ဦးဆောင်၍ ကျေးရွာမှ ငွေကြေးကောက်ခံရန်။ • ကျောင်းအိမ်သာ နှင့် ပရိဘောဂများ ဖြည့်ဆည်းပေးခြင်း။ • မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန်။ • ပညာရေး ကော်မတီ ဖွဲ့စည်းပြီး အထက်တန်း အောင်နှုန်း မြင့်မားရေး လုပ်ဆောင်ရန်။	•
လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး					
လျှပ်စစ်မီး ရရှိရေး	ကျေးရွာလျှပ်စစ်မီး ရရှိရေးအတွက် အစိုးရ ဌာနနှင့် ချိတ်ဆက် အဆိုပြု တောင်းခံရေး။	၈၃	၃	• ကျေးရွာမီးလင်းရေး ကော်မတီဖွဲ့စည်းရန်။ • ပုလောမြို့နယ်မှလျှပ်စစ်မီးပေးသောအဖွဲ့နှင့်ဆက်သွယ်ဆောင်ရွက်ရန်။ • ခန့်မှန်း ကုန်ကျငွေ တွက်ချက်ခြင်း။ • သမဝါယမဦးစီးဌာနမှချေးငွေရရှိရန် ချိတ်ဆက်ခြင်း။	•
လမ်းပန်း ဆက်သွယ်ရေး					
လမ်း၊ တံတား ကောင်းမွန် လာစေရေး	ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး	၇၈	၄	• လမ်း၊တံတားကော်မတီဖွဲ့ စည်းခြင်း။ • နန်းတောင်ကျေးလက်လမ်းအားကျောက်ချောလမ်း (၅) ဖာလုံခင်းခြင်း။ • ရေပြွန် (၂) ခု တပ်ဆင်ခြင်း။ • မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့တင်ပြခြင်း။	• ကျေးလက်/ဦးစီး
ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး					
သောက်သုံးရေ လုံလောက်စွာ ရရှိရေး	ကျေးရွာတွင် သောက်သုံးရေ အိမ်တိုင်ရာရောက် ပိုက်သွယ်တန်းရေး။	၇၇	၅	• ကျေးရွာရှိ ရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ဖိတ်ခေါ်ပြီး ဆွေးနွေးခြင်း။ • ရွာလူထုထံမှ ပူးပေါင်း ပါဝင်မှု ရယူခြင်း။ • ပုဂ္ဂလိကအလှူရှင်ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့များနှင့်	• ကျေးလက်/ဦးစီး

				ချိတ်ဆက် ဆောင်ရွက်ခြင်း။	
စိုက်ပျိုးရေး ကဏ္ဍ					
အခြေခံ အဆောက်အဦး နှင့် နည်းပညာသင်တန်း	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး	၇၃	၆	• ပုလောချောင်းအား တူးဖော်ခြင်း • မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေးနည်းပညာသင်တန်း • စပါးအထွက်တိုးနည်းပညာ သင်တန်း(ပိုးမွှား နှင့် ရောဂါ) • စိုက်ပျိုးရေး သွင်းအားစုများဆက်သွယ်မှုရရှိရန် • အစိုးရဌာနသို့ တင်ပြခြင်း • ဈေးကွက်နှင့်ပက်သက်သောအချက်အလက်များဖြန့်ဝေပေးနိုင်မည့် နည်းပညာပေးအဖွဲ့များနှင့် ချိတ်ဆက်ခြင်း။	•
	ရာဘာခြံလုပ်ငန်းမှအကျိုးအမြတ်ပိုမိုရရှိရေး	၅၈	၉	• လိုအပ်သော နည်းပညာများအတွက် သင်တန်းများပြုလုပ်ခြင်း။ • ဈေးကွက်နှင့်သတင်း ချိတ်ဆက်လုပ်ဆောင်မှုပြုလုပ်ခြင်း။	
ကျန်းမာရေး					
ကျန်းမာရေး တိုးတက်လာစေရေး	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၇၀	၇	• ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း။ • ကျန်းမာရေး ဝန်ထမ်းများ တောင်းခံခြင်း အတွက် တင်ပြခြင်း။ • ကျန်းမာရေးဝန်ဆောင်မှု များအား လက်လှမ်းမီမှု တိုးတက်ရေး။ • ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	•
အခြား ဝင်ငွေရ လုပ်ငန်းများ					
သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၆၅	၈	• စက်ရုံ၊အလုပ်ရုံများတည်ထောင်ရန်ရင်းနှီးမြှုပ်နှံသူများနှင့်ဆက်သွယ်ခြင်း။ • အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်း ပေးခြင်း။ • အသေးစားကုန်ထုတ်လုပ်သူများအဖွဲ့ဖွဲ့စည်းရေးနှင့်အကောင်အထည်ဖော်ရေး။ • ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက်ဖွံ့ဖြိုးရေး။ • ဈေးကွက်ထိုးဖောက်မည့်အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့်လုပ်ငန်း အကောင်အထည်ဖော်ခြင်း။ • အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာစေရန်လုပ်ငန်းရှင်များနှင့် ဆက်သွယ်ခြင်း။	•
တိရစ္ဆာန် မွေးမြူရေး					
ဈေးကွက်နှင့် နည်းပညာ သင်တန်း	အသေးစားနှင့်စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်လာရန်အခြေအနေကောင်းများ ဖန်တီးရန်	၅၅	၁၀	• နည်းပညာဝန်ဆောင်မှုနှင့်သင်တန်းများပံ့ပိုးပေးခြင်းဖြင့်မွေးမြူရေး ထွက်ကုန် မြင့်မားစေခြင်း။ • မြို့နယ်မွေးကုဋ္ဌာနနှင့် ချိတ်ဆက်ခြင်း။	•

				• မွေးမြူရေးထုတ်လုပ်ရေးအတွက်ဈေးကွက်ချဲ့ထွင်မှုရရှိရန်လုပ်ဆောင်ခြင်း။	
အုပ်ချုပ်ရေး ကဏ္ဍ					
အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး။	၄၈	၁၁	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း • အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း • ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း	• ကျေးလက်/ဦးစီး
လူငယ်၊ ယဉ်ကျေးမှု နှင့်ဝဝံ အားကစား					
လူငယ်များ စွမ်းဆောင်ရည် တိုးတက်လာစေရေး	လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး	၄၅	၁၂	• လူငယ်များစွမ်းဆောင်ရည် မြင့်မားလာခြင်း။ • အခြေခံ ခေါင်းဆောင်မှု သင်တန်း။အဖွဲ့အစည်း စီမံခန့်ခွဲမှု သင်တန်း။ • ဆက်ဆံရေးနှင့် ပံ့ပိုးမှုတိုးတက်လာစေရေးသင်တန်း။	• ကျေးလက်/ဦးစီး

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	လုံလောက်သော ပမာဏ နှင့် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေ ပေးနိုင်မည့် အဖွဲ့များအား လက်လှမ်းမီရေး	၁	✔	✔	✔	✔	✔
၂	ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး	၂	✔				
၃	ကျေးရွာလျှပ်စစ်မီး ရရှိရေးအတွက် အစိုးရ ဌာနနှင့် ချိတ်ဆက် အဆို ပြုတောင်းခံရေး။	၃	✔	✔	✔	✔	✔
၄	ပို့ဆောင်ရေး အခြေခံ အဆောက် အဦများ တိုးတက်လာစေရေး	၄		✔			
၅	ကျေးရွာတွင် သောက်သုံးရေ အိမ်တိုင်ရာရောက် ပိုက်သွယ်တန်းရေး။	၅		✔			
၆	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး	၆	✔	✔	✔		
၇	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၇	✔	✔			
၈	အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး	၈	✔	✔	✔	✔	✔
၉	ရာဘာခြံလုပ်ငန်းမှ အကျိုးအမြတ် ပိုမို ရရှိရေး	၉	✔	✔	✔		
၁၀	အသေးစားနှင့် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများ တိုးတက်လုပ်ကိုင်လာ ရန် အခြေအနေကောင်းများ ဖန်တီး ရေး	၁၀	✔	✔	✔	✔	✔
၁၁	အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။	၁၁	✔				
၁၂	လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး	၁၂	✔	✔	✔		

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကိုဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့် ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြ ထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံ နှင့်အစီအစဉ်၊ စီမံချက်

အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများ ကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	လုံလောက်သော ပမာဏ နှင့် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလ ရှည် ချေးငွေ ပေးနိုင်မည့် အဖွဲ့များ အား လက်လှမ်းမီရေး					
၂	ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး					
၃	ကျေးရွာလျှပ်စစ်မီး ရရှိရေး အတွက် အစိုးရ ဌာနနှင့် ချိတ် ဆက် အဆိုပြုတောင်း ခံရေး။					
၄	ပို့ဆောင်ရေး အခြေခံ အဆောက် အဦများ တိုးတက် လာစေရေး					
၅	ကျေးရွာတွင် သောက်သုံးရေ အိမ်တိုင်ရာရောက် ပိုက်သွယ် တန်းရေး။					
၆	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး					
၇	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး					
၈	အလုပ်အကိုင် အခွင့်အလမ်းများ ပြား					

၉	လာစေရေး ရာဘာခြံလုပ်ငန်းမှ အကျိုးအမြတ် ပိုမို ရရှိရေး
၁၀	အသေးစားနှင့် စီးပွားဖြစ် မွေးမြူ ရေး လုပ်ငန်းများ တိုးတက် လုပ် ကိုင်လာရန်
၁၁	အခြေအနေကောင်း များ ဖန်တီး ရေး အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး။
၁၂	လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင် အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာ အသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါ သည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စ မျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတား ပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကိုကန့်သတ် ခြင်းကဲ့သို့သောစည်းကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့်တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော် မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့်ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျောင်းနိမ့်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော် သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာပူးပေါင်းပါဝင်လာ အောင်ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံချက် လုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက် များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှု ကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထား ချက် နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကိုပြုစု ပြင်ဆင် ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သား များ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင် ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့် စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက် နေသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်အခြားပါဝင် သက်ဆိုင်သူများထံမှအကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်ဆော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင်အချိန်ပိုင်း အလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်း များထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

၁။ လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ
၁ နှစ်အောက်	၁၅	၁၀	၂၅	၂	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၆၄	၆၄	၁၂၈	၈	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၁၀၄	၁၁၄	၂၁၈	၁၃	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၁၀၁	၁၁၄	၂၁၅	၁၃	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၄၅၈	၄၉၀	၉၄၈	၅၇	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၅၈	၆၆	၁၂၄	၇	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၈၀၀**	**၈၅၈**	**၁၆၅၈**	**၁၀၀**	
စုစုပေါင်း အိမ်ထောင်စု = ၃၂၆			**၅.၁ ဦး / အိမ်ထောင်စု**		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) (တစ်အိမ်တက်ဆင်း) မှ ရယူပါသည်။

ကျောင်းနိမ့်ကျေးရွာတွင် အိမ်ထောင်စု (၃၂၆) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၁၆၅၈)ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၁)ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းနှင့် ကိုက်ညီမှုရှိပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့်လူသားအရင်းအမြစ်ကောင်းအဖြစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့မှုပေးနိုင်ပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင်		တွဲဖက်အလုပ်အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၈၂	၂၅.၁၅		လယ် - ၃၉၊ ဥယျာဉ် - ၄၁၊ ရာဘာ - ၂
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁၇၅	၅၃.၆၈		လယ်သမားငယ်များ - ၇၈ နှင့် မြေယာမဲ့များ - ၉၇ တို့သည် ကျေးရွာ၏ စိုက်ပျိုးရေး လုပ်ငန်းတွင် ရာသီအလိုက် လုပ်ကိုင်ကြသူများ ဖြစ်ကြသည်။
	မိသားစုဝင် လုပ်အား	၀	၀	၀	
၂	***တိရစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၂	၀.၆၀	၁၃၁	လယ်သမားငယ်များ နှင့် မြေယာမဲ့ အိမ်ထောင်စုများ
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၃	***ငါးဖမ်း လုပ်ငန်း***				

	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၃	ဆန်စက် - ၃ (အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၄	၁.၂၀	၀	လက်သမားခေါင်းဆောင် - ၄
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂၆	၈.၀၀	၀	လက်သမား - ၂၁၊ ပန်းရံ - ၅
	မိသားစုဝင် လုပ်အား	၀	၀	၀	
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၅	၁.၅၀	၀	စက်ဘီးပြင်ဆိုင် - ၅
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၉	***ကွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း	၁၁	၃.၃၀	၀	စက်ချုပ် - ၁၀၊ ဆံသဆိုင် - ၁
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၄	၁.၂၀	၂၀	လက်ကား ရောင်းဝယ်သူ - ၄၊ ဈေးဆိုင် - ၁၀၊ လက်လီ ရောင်းဝယ်သူ - ၁၀၊ (အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး - ၇ ဦး၊ ကျပန်း - ၁၃ ဦး ဖြစ်ပါသည်)။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၁	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၂	လက္ခ်ာရည်ဆိုင် - ၂၊ (အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။

	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၁၆	၄.၉၀	၀	ဆိုင်ကယ်ကယ်ရီ - ၁၀၊ ထော်လာကျီ - ၆
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၃	***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁၅	(အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့်သောကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁	၀.၃၀	၀	စစ်မှုထမ်း - ၁
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၆	***ပညာရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၃	(အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး - ၂ ဦး၊ ကျပန်း - ၁ ဦး ဖြစ်ပါသည်)။
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၄	(အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး - ၂ ဦး၊ ကျပန်း - ၂ ဦး ဖြစ်ပါသည်)။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၉	***အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၁၅၂	၆၃ အိမ်ထောင်စုမှ ၁၅၂ ဦးသည် ထိုင်းနိုင်ငံ၊ မလေးရှား နိုင်ငံတို့တွင် သွားရောက် လုပ်ကိုင်နေပြီး တစ်နှစ်ကို ၂-၆ ကြိမ်ခန့် ငွေလွဲ

					ပေးပါသည်။
	မိသားစုဝင် လုပ်အား	၀	၀	၀	
၂၀	***ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
	စုစုပေါင်း	**၃၂၆**	**၁၀၀**	**၃၃၀**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျောင်းနိမ့်ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ စုစုပေါင်းမှာ (၉၄၈) ဦးဖြစ်ပြီး ကျား (၄၅၈) ဦးနှင့် မ (၄၉၀) ဦး ရှိသောကြောင့် အမျိုးသမီး လုပ်သားအင်အားမှာ (၃၂) ဦးပိုပြီး (၄) ရာခိုင်နှုန်းခန့် လုပ်သားအင်အားပိုမိုပါသည်။ ကျောင်းနိမ့်ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်း (လယ်လုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း၊ ရာဘာခြံလုပ်ငန်း) အား အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင် ကြသူမှာ (၈၂) အိမ်ထောင်စုရှိပြီး စုစုပေါင်းအိမ်ထောင်စု၏ (၂၅) ရာခိုင်နှုန်းကျော်ရှိပါသည်။ လယ်သမားငယ်များ (၂ ဧကအောက်ရှိသော) နှင့် မြေယာမဲ့သော အိမ်ထောင်စုတို့သည် ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် ရာသီအလိုက် ကျပန်း လုပ်ကိုင်ကြသူများဖြစ်ကြသည်။ မွေးမြူရေးလုပ်ငန်းကို ဦးစားပေးလုပ်ကိုင်သူမှာ နှစ်အိမ်ထောင်စုသာ ရှိသော်လည်း အိမ်စားနှင့် အပိုဝင်ငွေ ရရှိရန်အတွက် တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြသော အိမ်ထောင်စုမှာ (၁၃၁)ရှိပါသည်။ ကျေးရွာအတွင်း ကုန်စုံဆိုင်ငယ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ (လက်ဖက်ရည်ဆိုင်၊ ဆံသဆိုင်၊ သယ်ယူပို့ဆောင်ရေး၊ ပွဲစား စသည့်) တွင် လုပ်ကိုင်နေကြသူ အိမ်ထောင်စုမှာ (၄၈) အိမ် ရှိပြီး (၁၅) ရာခိုင်နှုန်းရှိပါသည်။ ပန်းရံ၊ လက်သမား လုပ်ငန်းဖြင့် အိမ်ထောင်စု (၃၀) အသက်မွေးနေကြပြီး၊ အပ်ချုပ်လုပ်ငန်း လုပ်ကိုင်သူ (၁၀) ဦး၊ အင်ဂျင်ပြင် (စက်ပြင်၊ စက်ဘီး ဆိုင်ကယ်ပြင်) လုပ်ငန်းဖြင့် အသက်မွေးသူ (၅) ဦး ရှိကြပြီး၊ ကျေးရွာမှ (၆၃) အိမ်ထောင်စုမှာ အခြားဒေသများရှိ လယ်လုပ်ငန်း၊ ဥယျာဉ်ခြံ နှင့် ရာဘာခြံလုပ်ငန်းများ၊ (ဘုတ်ပြင်း နှင့် (၈) မိုင်ဒေသများသို့ ရာဘာခြစ်လုပ်ငန်း)၊ ထိုင်းနိုင်ငံ နှင့် မလေးရှားနိုင်ငံသို့ ရာဘာ အစေးခြစ်လုပ်ငန်း၊ ငါးများကို စည်သွပ်ဗူး လုပ်ငန်း၊ ပုဇွန် အခွံခွာခြင်းလုပ်ငန်း စသည်) ရွှေပြောင်း လုပ်ကိုင်သူများဖြစ်ကြပါသည်။

(၁.၃) သဘာဝ အရင်းအမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၃၀၀	ညံ့	မရ	မိုးကောင်းသောပင်လယ်
ယာမြေ				
ဥယျာဉ်ခြံမြေ	၄၇၉.၅	ကောင်း	မရ	သဘာဝစိမ့်စမ်း
အိမ်ခြံဝင်း စိုက်ခင်း ရွှေပြောင်း တောင်ယာ ကိုင်း/ကျွန်းမြေ စားကျက်မြေ ပလပ်မြေ သစ်တောမြေ				
အခြား(ရာဘာ)	၄၅.၅	ကောင်း	မရ	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မှတ်ချက်။ ရေရှိသည့် နေရာ အမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ။

ကျောင်းနိမ့်ကျေးရွာတွင် ဥယျာဉ်ခြံ နှင့် ရာဘာခြံစိုက်ပျိုးသော ဧရိယာသည် အများဆုံးဖြစ်ပြီး (၅၂၅) ဧကရှိပါသည်။ ဥယျာဉ်ခြံများတွင် ကွမ်းသီးကိုသာ အဓိက အားထား စိုက်ပျိုးကြသည်။ ကွမ်းသီးကို အစိုဓာတ်များသော မြေများတွင် စိုက်ပျိုးလေ့ရှိကြပြီး အလွယ်တကူ ဖြစ်ထွန်းအောင်မြင်သည်။ ကွမ်းသီးစိုက်ပျိုးဖြစ်ထွန်းခြင်း မရှိသော ကုန်းမြင့်ပိုင်းမြေများတွင် ရာဘာကို စိုက်ပျိုး ကြသည်။ ကျေးရွာ၏ စပါးစိုက်ပျိုးမှုမှာ ဧက (၃၀၀) ရှိပြီး စပါးစိုက်ပျိုးသည့် မြေများသည် သဘာဝမြေဩဇာ ထည့်သွင်းမှုနည်းခြင်း၊ ရေသွင်းရေထုတ်ကောင်းစွာ မပြုလုပ်နိုင်ခြင်းများကြောင့် မြေဆီလွှာ အဆင့်အတန်း နိမ့်ကျသွားပါသည်။ ကျောင်းနိမ့်ကျေးရွာ၏ လယ်စိုက်ပျိုးမှု အတွက် ရေအရင်းအမြစ်မှာ မိုးရေကို အဓိကအားထားပြီး၊ ဥယျာဉ်ခြံများသည် သဘာဝစိမ့်စမ်းရေကိုမှီခို အားထားပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	
အခြား	မရှိ	
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) ရဲယို၊ ခွေးသေးပန်း	ကမ်းဓော်ပင်	ခက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျောင်းနိမ့်ကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များထွက်ရှိမှုမရှိပါ။ သို့သော်လည်း ဆေးဖက်ဝင် ကမ်းဓော်ပင်ထွက်ရှိသောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင်အပင်များ ပေါက်ရောက်သည့် ဒေသတစ်ခုလည်းဖြစ်ပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း: အဆင့်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
၃၂၆ အိမ်ထောင်စု	၉ (၃%)	၅၈ (၁၈%)	၁၇၀ (၅၂%)	၈၉ (၂၇%)
မြေယာပိုင်ဆိုင်မှု	လယ် (၁၀)ဧက အထက် ဥယျာဉ်ခြံ၊ရာဘာခြံ	လယ် (၁၀-၂) ဧက၊ ဥယျာဉ်ခြံ၊ ရာဘာခြံ	လယ်(သို့)ဥယျာဉ်ခြံ(၂) ဧကအောက် နှင့် မြေယာမဲ့	မရှိ
အိမ်အခြေအနေ	တိုက်အိမ်၊ သွပ်မိုး	ပျဉ်ထောင်၊ ပျဉ်ခင်း၊ ဓနိမိုး	ဓနိမိုး၊ထရံကာ၊ ပျဉ်ခင်း	ဓနိမိုး၊ထရံကာ၊ ကြမ်းခင်း
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	ရှမ်းကျွဲ(ထွန်စက်)၊ ကျွဲ၊ နွား	ရှမ်းကျွဲ(ထွန်စက်)၊ ကျွဲ၊ နွား	မပိုင်ဆိုင်။	မပိုင်ဆိုင်။

ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ဆိုလာ၊ဆိုင်ကယ်၊Skynet၊ ရေခဲသေတ္တာ	ဆိုင်ကယ်၊	မွေးမြူရေး အနည်းငယ်	မွေးမြူရေး အနည်းငယ်
အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ	ဥယျာဉ်ခြံ၊ ကုန်စုံဆိုင်၊ တနှစ်ဝင်ငွေ (၆၀) သိန်း အထက်ရှိ။	ဥယျာဉ်ခြံ၊ အိမ်ဆိုင်၊ တနှစ်ဝင်ငွေ (၃၀) သိန်း အထက်ရှိ။	ဥယျာဉ်ခြံ၊ တနှစ်ဝင်ငွေ (၁၀) သိန်းမှ (၁၅) သိန်းရှိ။ အကြွေးရှိ။	လက်လုပ်လက်စာ း၊ တနှစ်ဝင်ငွေ (၅) သိန်းမှ (၈) သိန်းရှိ။အကြွေးရှိ(စားကြွေး)
အခြားပိုင်ဆိုင်မှု	ကုန်စုံဆိုင်ကြီး၊	ကုန်စုံဆိုင်(ငယ်)		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၂၀၂	၇၇.၄၀ %	ခေါက်ပြန်ပေးဝယ်ယူခြင်း၊ အကြွေးယူခြင်း၊ လုပ်အားခဖြင့် လက်ငင်းဝယ်ယူခြင်း
၃ လနှင့် ၅ လ အထိ	၄၂	၁၆.၀၉ %	ဝယ်ယူခြင်း၊ အကြွေးယူခြင်း၊ လုပ်အားခဖြင့် လက်ငင်းဝယ်ယူခြင်း
၆ လ မှ ၁၂ လ အထိ	၁၇	၆.၅၁ %	ခေါက်ပြန်ပေးဝယ်ယူခြင်း၊ အကြွေးယူခြင်း၊

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျောင်းနိမ့်ကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၂၅၉) စု ရှိသည့်အနက် (၂၀၂) အိမ်ထောင်စုမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၄၂) အိမ်ထောင်စုမှာ (၃ - ၅) လ အထိ ဝမ်းစာဖူလုံမှုရှိ၍ (၁၇) အိမ်ထောင်စုမှာ (၆) လနှင့် အထက်ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ကြပါသည်။ ဆန်ရှားပါးမှုနှင့် ဆန်ဈေးကြီးမှုကြောင့် အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျော့စားခြင်း၊ တစ်ရက်လုံးလျော့စားခြင်းများမှာ တစ်ခါမှမဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက်ရလဒ်အရ သိရပါသည်။ မြေယာမဲ့ကျပန်းသမားများမှာ အခြားသော အချိန်များတွင်မူ ခေါက်ပြန်ကြွေးယူခြင်း၊ အတိုးဖြင့်ငွေချေးခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူ တို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

၁.၅.၂ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၇) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀ နှစ်နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၁	၀	၁
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	၀	၀	၀
		အိမ်ထောင်စု အရေအတွက်		
အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		၃	
မုဆိုးဖို / တစ်ခုလပ် ဆင်းရဲသည့် အိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ အခြားဒေသသို့ကြာမြင့်စွာသွား ရောက်		၃ ၄၅	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျောင်းနိမ့်ကျေးရွာတွင် အိမ်ထောင်စု (၃၂၆) စုရှိသည့် အနက် (၉၃) အိမ်ထောင်စုမှ (၁၅၂) ဦးသည် မလေးရှား၊ စင်ကာပူ၊ ထိုင်းစသည့်နိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။ ဆင်းရဲသောအိမ်ထောင်စုများ (၂၆၇) အနက်မှ (၄၅) အိမ်ထောင်စုသည် အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းသို့သာ သွားရောက် လုပ်ကိုင်သူများ ဖြစ်ကြသည်။

မိသားစု စောင့်ရှောက်မှုမရှိသည့် သက်ကြီးရွယ်အို (၆၀) နှစ်နှင့်အထက် လူကြီးတစ်ဦးသာရှိပါသည်။ ဆင်းရဲ၍ မိသားစုများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၃) စု ရှိပြီး မုဆိုးဖို၊ တစ်ခုလပ်ဦးဆောင်သော ဆင်းရဲသောအိမ်ထောင်စုမှာ (၃) စု ရှိပါသည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	နိမ့်	လုပ်အားနှင့် အစားအစာ လဲလှယ် ခြင်း၊ အကြွေးယူစားသုံးနိုင်ခြင်း၊ ဥယျာဉ်ခြံ မှ ဝင်ငွေရရှိခြင်း
၂	သဘာဝ အရင်းအမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်	စိုက်ပျိုးမြေတိုးချဲ့ရန် မြေရှားပါးခြင်း
၃	ရေကြီးခြင်း	လတ်	နှစ်စဉ်မိုးများကာလဖြစ်သည့် ဝါဆို၊ ဝါခေါင်လများတွင် လယ်မြေများ ရေမြုပ် ဆုံးရှုံးခြင်း၊
၄	မိုးခေါင်ခြင်း	နိမ့်	ကြုံတွေ့ရလေ့မရှိ။
၅	မုန်တိုင်း	နိမ့်	ကြုံတွေ့ရလေ့မရှိ။
၆	ငလျင်	နိမ့်	ကြုံတွေ့ရလေ့မရှိ။
၇	မီးဘေး	နိမ့်	ကြုံတွေ့ရလေ့မရှိ။
၈	ဆားငန်ရေဝင်မြေ	နိမ့်	ကြုံတွေ့ရလေ့မရှိ။
၉	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	လတ်	လယ်မြေများတွင်သာ ရေသွင်းရေထုတ် စီမံမှု အားနည်းခြင်းကြောင့် အရည် အသွေး ကျဆင်းသွားသည်။
၁၀	သစ်တောပြုန်းတီးခြင်း	မြင့်	ဥယျာဉ် နှင့် ရာဘာစိုက်ပျိုးမှု ချဲ့ထွင် လာခြင်း။
၁၁	ငှက်ဖျားရောဂါ	နိမ့်	
၁၂	တီဘီရောဂါ	နိမ့်	
၁၃	ကိုယ်ခံအားကျဆင်းမှု ရောဂါ	နိမ့်	
၁၄	ပြည်တွင်းနေရပ် စွန့်ခွါ ရွှေ့ပြောင်း ခံရသူများ (IDP)		
၁၅	လူကုန်ကူးခြင်း	နိမ့်	
၁၆	ဓေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲ စသည်	နိမ့်	
၁၇	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	အလုပ်အကိုင် အခွင့်အလမ်းနည်းပါး၍ ပြည်ပထွက်ခွာ လုပ်ကိုင်ရခြင်းကြောင့် ကူးစက်ရောဂါများ ရရှိလာနိုင်။
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ် ထောင်စု	နိမ့်	အိမ်ထောင်စုတွင် လူငယ်များ ရှိခြင်း၊ အိမ်ထောင်စုများ နီးကပ်စွာ ရှိခြင်း။
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	အရေးပေါ်အခြေအနေတွင် အခက်အခဲ ကြုံတွေ့ နိုင်ပါသည်။
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျ ရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသ	နိမ့်	
၅	မြစ်ကမ်းဘေးနေလူထု	မရှိ	
၆	မတော်မဆမှု ဖြစ်နိုင်ခြေများသော နေရာ (Prone to accident)	မရှိ	
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ(IDP)	မရှိ	
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်	မိုးရာသီ ချောင်းရေလျှံချိန် တွင် အနိမ့်ပိုင်း အိမ်ထောင်စုများ
၉	ငါးကန်ပိုင်ရှင်	မရှိ	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	အရေးပေါ်အခြေအနေတွင် ကြုံတွေ့ နိုင်ပါသည်။
၁၁	လူနည်းစု လူမျိုးများ	မရှိ	
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာ	မရှိ	
၁၃	နယ်စပ်ဒေသ	မရှိ	
၁၄	ရွှေတွင်းလုပ်သား	မရှိ	
၁၅	ဆေးစွဲသူများ	နိမ့်	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မြင့်	ရွှေ့ပြောင်း လုပ်သားများနှင့် ဆက်စပ်နေ သော အိမ်ထောင်စုများ
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မရှိ	
၁၈	ရွှေ့ပြောင်းလုပ်သားများ	လတ်	အခြားနိုင်ငံများတွင် ရောက်ရှိလုပ်ကိုင်နေ ကြသဖြင့် လုပ်အားခများ ခေါင်းပုံဖြတ် ခံရခြင်း။
၁၉	ကားသမား	မရှိ	
၂၀	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လူငယ်များသည် မိမိတို့ဒေသတွင် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်းကြောင့် တစ်ဖက် အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်ကိုင်မှုများခြင်းကြောင့် ကူးစက်ရောဂါရနိုင်မှု အခွင့်အလမ်း မြင့်မားနိုင်ပါသည်။ ၎င်းအပြင် အဆိုပါရွှေ့ပြောင်းလုပ်ကိုင်နေသောသူများနှင့် ဆက်စပ်နေသောမိသားစုဝင်များသည်လည်း ကူးစက်ရောဂါ ကူးစက်နိုင်ခြေ မြင့်မားပါသည်။ ဘေးအန္တရာယ် တစ်ခုခု နှင့် ကြုံတွေ့ရပါက မြေယာမဲ့များ၊ ဆင်းရဲသား

တောင်သူများသည်လည်း ပြန်လည်ထူထောင်ရန် အခက်အခဲများ ရှိသောကြောင့် ထိခိုက်မှုမြင့်မားနိုင်ပါသည်။

၂။ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ကာလသား/ကာ လသမီးအဖွဲ့	၂	၁၀၀	၅၀	၁၅၀	သာရေးနာရေး ကဏ္ဍ	၄	၆
၂	အမျိုးသမီး ကြီးအဖွဲ့	၂		၅၀	၅၀	ဘာသာရေး၊ သာရေးနာရေး	၄	၆
၃	ရပ်မိရပ်ဖ	၂	၅	၀	၅	လူမှုရေး/ကျေးရွာ ဖွံ့ဖြိုးရေး ကဏ္ဍ	၄	၆
၄	ဂေါပက	၃	၂၂	၀	၂၂	ဘာသာရေး	၄	၆
၅	မိဘဆရာအ သင်း	၂	၇	၄	၁၁	ပညာရေး ကဏ္ဍ	၄	၆
၆	မိခင်/ကလေး၊ အမျိုးသမီး ရေးရာ	၂	၃၀	၀	၃၀	အမျိုးသမီး ကဏ္ဍ	၅	၈
၇	မီးသတ်တပ်ဖွဲ့	၂	၄၀	၀	၄၀	မီးဘေးကြိုတင် ကာကွယ်ရေး	၅	၈

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)မှ ရယူပါသည်။

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်
(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်
(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှု အခြေအနေ

(၆) ကောင်း
(၇) သင့်
(၈) ညံ့ (အားနည်း)

ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ အဖွဲ့များ

ကျွန်တော်တို့ ကျေးရွာ၏ ဘာသာရေး၊ လူမှုရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက်အဖွဲ့ အစည်းများဖွဲ့စည်းခဲ့ကြပါသည်။ ကျေးရွာအတွင်းကိုးကွယ်မှုကို အခြေခံ၍ အပိုင်းနှစ်ပိုင်း (ကျောင်းကြီးကျောင်း

အုပ်စုနှင့် ကျောင်းသစ်ကျောင်းအုပ်စု) ကွဲနေပါသည်။ အဝိုင်းအလိုက်ဖော်ပြပါ ဇယားပါ အဖွဲ့အစည်းများ ရှိနေပါသည်။

ကာလသား/ကာလသမီးအဖွဲ့သည် ကျေးရွာ၏ သာရေးနာရေးများတွင် ပါဝင် ဆောင်ရွက်ပြီး တက်ကြွစွာ လုပ်ဆောင်ပေးသော အဖွဲ့ဖြစ်သည်။ **အမျိုးသမီးကြီးအဖွဲ့သည်** ကျေးရွာ၏ သာရေး နာရေး လုပ်ငန်းများတွင် ချက်ပြုတ် ကျွေးမွေး ဧည့်ခံခြင်း လုပ်ငန်းများကို ကာလသား/ ကာလ သမီးအဖွဲ့၊ ရပ်မိရပ်ဖ အဖွဲ့များနှင့် အတူ ပူးပေါင်းဆောင်ရွက်သော အဖွဲ့ ဖြစ်ပါသည်။ **ရပ်မိရပ်ဖအဖွဲ့** သည် ကျေးရွာ၏ သာရေးနာရေး လုပ်ငန်းများ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့နှင့် အတူပူးပေါင်းဆောင်ရွက်သောအဖွဲ့ ဖြစ်ပါသည်။ **ဂေါပကအဖွဲ့**သည် ဘာသာရေး၊ သာသနာ ရေး လုပ်ငန်းများကို လုပ်ကိုင်ပါသည်။ ဘာသာရေး ပဒေသာပင် ရန်ပုံငွေ ထူထောင်၍ အတိုး (၅) ရာခိုင်နှုန်း အတိုးဖြင့် ကျေးရွာသားများ၏ ချေးငွေ လိုအပ်ချက်ကို ဖြည့်ဆီးပေးပါသည်။ **မိဘဆရာ အသင်း**သည် ပညာရေးကဏ္ဍကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှင့်အတူ ဆောင်ရွက် ပါသည်။ ပညာရေးပဒေသာပင် ရန်ပုံငွေ ထူထောင်၍ ကျေးရွာသူ/သားများအား ထုတ်ချေး၍ ရရှိသော အတိုးငွေဖြင့် စာသင်ကျောင်းနှင့်ဆိုင်သော အဆောက်အဦးများ၊ သင်ထောက်ကူ ပစ္စည်း များ ဝယ်ယူခြင်း၊ ပြုလုပ်ခြင်း၊ ကျောင်းဆရာ ငှားရမ်းခြင်းတို့ကို ဆောင်ရွက်ပါသည်။ **မိခင်/ ကလေး၊ အမျိုးသမီးရေးရာ**အဖွဲ့သည် အမျိုးသမီးဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ပါသည်။ **မီးသတ် တပ်ဖွဲ့**သည် ကျေးရွာ၏ မီးဘေးဆိုင်ရာလုံခြုံရေး ကိစ္စများ၊ သတိပေးကြော်ငြာခြင်း၊ ကြိုတင် ကာကွယ်မှု များ ပြုလုပ်ရန် ဆော်သြခြင်း တို့ကို ဆောင်ရွက်ပါသည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုး ရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည်ဖြင့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၆၆	၅၀.၉၂ %	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက် (၁ ဟတ် တာထိ)	၆၇	၂၀.၅၅ %	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၅၈	၁၇.၇၉ %	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား (၅ ဟတ်တာ ထိ)	၂၆	၇.၉၈ %	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက် (၅ ဟတ်တာ နှင့်အထက်)	၉	၂.၇၆ %	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၃၂၆**	**၁၀၀ %**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျောင်းနိမ့်ကျေးရွာတွင် အိမ်ထောင်စု (၁၆၀) စုသာ လယ်မြေ၊ ဥယျာဉ်ခြံမြေ နှင့် ရာဘာခြံများ ပိုင်ဆိုင်ကြပြီး သီးနှံတိုးချဲ့စိုက်ပျိုးရန် မြေဧရိယာမရှိတော့ပေ။ လက်ရှိမြေဧရိယာပေါ်တွင်သာ အထွက်နှုန်းကောင်းရရန်နှင့် အရည်အသွေးကောင်း ဈေးကွက်မှီသော ထုတ်ကုန်များတိုးတက် ထုတ်လုပ်ရန်အရေးကြီးပါသည်။ စိုက်ပျိုးမြေ မပိုင်ဆိုင်သော အိမ်ထောင်စုများမှာ စိုက်ပျိုးရေးလုပ်ကိုင်သူ အိမ်ထောင်စုများအပေါ် အဓိက မှီခိုကြရပြီး အနည်းစုမှာ အခြားဒေသများတွင် သွားရောက် အလုပ်လုပ်ကိုင်ကြသည်။

(၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ ရာသီအလိုက်)
၁	ဆည်			
၂	ရေလွှဲဆည်			
၃	မြစ်ရေတင်စီမံကိန်း			
၄	ဆည်မြောင်း			
၅	အဝီစိတွင်း			
၆	လက်ဝင် ရေတွင်း			
၇	စိမ့်စမ်းရေ			
၈	ချောင်းရေ		၁၀၀	တစ်နှစ်ပတ်လုံး

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျောင်းနိမ့်ကျေးရွာတွင် လယ်မြေများသည် မိုးကောင်းသောက် လယ်များဖြစ်ကြပြီး ကုန်းလယ်များသည် မိုးခေါင်သည့် ကာလများတွင် စပါးအထွက်နှုန်းကျဆင်းသည့် ပြဿနာများ ကြုံတွေ့ရပါသည်။ ထို့အပြင် ပုလောချောင်းဘက်မှ ရေကြီးလာပါက လယ်များရေကြီးနှစ်မြုပ်မှုဒဏ်ကို ခံကြရကာ အထွက်နှုန်းကျဆင်းပါသည်။ ထို့ကြောင့် ချောင်းကော မြောင်းကောများ တူးဖော်ပေးခြင်းဖြင့် မိုးတွင်းဘက် ရေကြီးနှစ်မြုပ်မှုဒဏ်မှ သက်သာပေမည်။ နွေစပါးစိုက်ပျိုးခြင်းကို စိမ့်စမ်းရေများမှ စီးဆင်းလာသော ဘုရားအော်ချောင်းမှမြေသား

တမံများ ပိတ်ဆို့၍ ဧက (၁၀၀) ခန့်သာ ရေတင် စိုက်ပျိုးနိုင်ကြပါသည်။ ချောင်းနှင့်နီးသော လယ်မြေများသာ စိုက်ပျိုးရန်လွယ်ကူပြီး ကုန်းပိုင်းကျသော လယ်မြေများတွင် စိုက်ပျိုးနိုင်ခြင်းမရှိပါ။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
ကွမ်းသီး	၄၇၉.၅	ပိဿာ	၁၂၅	၁၇၅	၁၅၀	ဇွန်	နိမ့်	များ	
စပါး (မိုး)	၃၀၀	တင်း	၄၀	၆၀	၅၀	ဇွန်	အလယ်အလတ်	နိမ့်	မြေဆီဩဇာသင့်
စပါး (နွေ)	၁၀၀	တင်း	၂၀	၄၀	၃၀	ဒီဇင်ဘာ	အလယ်အလတ်	နိမ့်	မြေဆီဩဇာသင့်
ရာဘာ	၄၅.၅					ဇူလိုင်	များ	နိမ့်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိုးစပါးစိုက်ပျိုးခြင်းကို ဇွန်၊ ဇူလိုင်လများတွင် စိုက်ပျိုးကြပြီး စိုက်ဧကအားလုံးသည် ကြဲပက် စိုက်ပျိုးကြပါသည်။ ဝါဆို၊ ဝါခေါင်လများတွင် မိုးရေကြီးခြင်း၊ မိရိုးဖလာစိုက်စနစ်များသာ ကျင့်သုံး နေခြင်းတို့ကြောင့် အထွက်နှုန်းနည်းပါးပါသည်။ နွေစပါးကို ရေသွင်းရန် လွယ်ကူသော ဧရိယာတွင်သာ စိုက်ပျိုးနိုင်ပြီးအခြား ဒေသများနှင့် နှိုင်းစာလျှင် အထွက်နှုန်း လျော့နည်းပါသည်။

ကွမ်းသီးမှာ ဒေသနှင့် သင့်တော်ပြီး သွင်းအားစုလိုအပ်ချက်မှာ သက်သာသဖြင့် စိုက်ပျိုးသူများ ကြိုက်နှစ်သက်သော သီးနှံပင် ဖြစ်သည်။ တစ်ပင်လျှင် ကွမ်းသီးအခြောက် တစ်နှစ်ပျမ်းမျှ (၁.၅) ပိဿာ ပျမ်းမျှ ထွက်ရှိပါသည်။ စိုက်ခင်းများဖြင့် စနစ်တကျစိုက်ပျိုးထားသည်မျိုး မဟုတ်ပဲ ဥယျာဉ် ခြံဝင်းအတွင်း အဆင်ပြေသလို စိုက်ပျိုးထားသောကြောင့် တစ်ဧက ပျမ်းမျှ အပင် (၃၀၀ - ၅၀၀) တွင် ပျမ်းမျှ ပိဿာ (၁၅၀) ခန့်သာ ထွက်ရှိပါသည်။

ကျောင်းနိမ့်ကျေးရွာအတွင်းရှိ အိမ်ထောင်စုများ ပိုင်ဆိုင်သော ရာဘာစိုက်ပျိုးဧရိယာ အားလုံး၏ (၂၅) ရာခိုင် နှုန်းခန့်သာ ဖူးဆက်အပင်မျိုး စိုက်ပျိုးကြပြီး ကျန်သော (၇၅) ရာခိုင်နှုန်းခန့်မှာ အစေ့ စိုက် (အရိုင်း) အပင်များဖြစ်၍ အစေးထွက်နှုန်း နည်းပါးကြပါသည်။ ရာဘာဈေးနှုန်း ကျဆင်းနေ၍ ရာဘာခြံအားလုံးနီးပါးသည် အစေးထုတ်လုပ်ရန် စိတ်အားထက်သန်မှု နည်းနေပါသည်။

အိမ်ခြံဝင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းအတွက် ရွာသူရွာသားများသည် နှစ်ရှည်ခြံများအတွင်း နေအိမ်များ ဆောက်လုပ်နေထိုင်ကြသဖြင့် နေရောင်ခြည်ရရှိမှုကို ကြိုက်နှစ်သက်သော ဟင်းသီး ဟင်းရွက်များကို စိုက်ပျိုးဖြစ်ထွန်း နိုင်ခြင်းမရှိပဲ ဝဉ်၊ ကွမ်းရွက်၊ လက်ဖက်ကဲ့သို့သော နေရောင်ခြည်လိုအပ်မှု နည်းပါးသော အပင်များ စိုက်ပျိုး အောင်မြင်ခဲ့လျှင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်ပါသည်။

(၂.၂.၁.၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	၀		

ရိတ်သိမ်းစက်	၁		
လက်တွန်းထွန်စက်	၄		
ခြွေလှေ့စက်	၃		
ရေစုပ်စက်	၇		
ခြေနင်းရေတင်စက်	၀		
မျိုးစေ့ချစက်	၀		
မြက်ရိတ်စက်	၁၅	-	ဥယျာဉ်ခြံနှင့် ရာဘာစိုက်ခင်းများတွင် ပေါင်းမြက် ရှင်းလင်းရန် အသုံးပြု ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျောင်းနိမ့်ကျေးရွာတွင် လယ်ယာသုံး စက်ကိရိယာများဖြစ်သည့် စပါးရိတ်သိမ်းစက်၊ လက်တွန်းထွန်စက်နှင့် ခြွေလှေ့စက်များကို တောင်သူကြီးများသာ ပိုင်ဆိုင်ကြပါသည်။ မြက်ရိတ်စက်ကို ကွမ်းနှင့်ရာဘာခြံများတွင် အသုံးပြုကြပါသည်။ လက်တွန်းထွန်စက်ဖြင့် ထွန်ယက်ခြင်းလုပ်ငန်းကို တစ်ဧက (၁၂) တင်းနှုန်းဖြင့် အခကြေးငွေပေးရပါသည်။

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ)	မရှိ	
ရေအရင်းအမြစ်	ရှိ	မိုးနှောင်းရာသီတွင် လယ်မြေများတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် ရေအရင်းအမြစ်ကို ရေတွင်းတူးဖော်၍ ရယူ နိုင်ပါသည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	မရှိ	သဘာဝမြေဆွေးပြုလုပ်သည့်ဝိ္ နည်းပညာများ မသိရှိခြင်း၊ အသုံးချ နိုင်ခြင်း မရှိသေးပါ။
သြဂဲနစ်ပိုးသတ်ဆေး	မရှိ	
ချေးငွေရရှိမှု	ရှိ	စပါးသီးနှံအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုး တိုးတက်ရေးဘဏ်မှ ထုတ်ချေးပေးပါသည်။ သမဝါယမအသင်းများ ထူထောင်၍ ငွေချေး နိုင်မည့် အခွင့်အလမ်းများ ရှိနိုင်ပါသည်။
သွင်းအားစုစျေးကွက်	မရှိ	စိုက်ပျိုးရေးသွင်းအားစုများ အတွက် ပုလော မြို့ပေါ်မှသာ လက်ငင်း ဝယ်ယူကြရပါသည်။
ဝန်ဆောင်မှုစျေးကွက်	မရှိ	
ထုတ်လုပ်မှုစျေးကွက်နှင့်ကုန်သွယ်မှု	မရှိ	
အခြား(၁)		
အခြား(၂)		
အခြား(၃)		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)မှ ရယူပါသည်။

ကျေးရွာတွင် ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်တစ်သိန်းနှုန်းဖြင့် လည်းကောင်း၊ မြို့နယ်သမဝါယမအသင်းနှင့် ချိတ်ဆက်ကာ ချေးငွေရယူနိုင်မည့် နည်းလမ်းများရှိပါသည်။ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ်နိုင်ပြီး စျေးကွက်တင်ပို့ရန် အခွင့်အလမ်းများရှိနေပါသည်။ ပုလော မြို့မစျေးနှင့် နီးကပ်သဖြင့် စျေးကွက်ကို ချိန်ဆကာ လိုအပ်ချက် ရှိနေ သည့် ဟင်းသီးဟင်းရွက်၊ ပန်းမန်များကို စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ဝင်ငွေတိုးပွားစေမည်ဖြစ်ပါသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	ဆင်းရဲသားမိသားစုများအတွက် မြေယာ တိုးချဲ့စိုက်ပျိုးရန် မြေနေရာများမရှိခြင်း၊
ငွေကြေးအရင်းအနှီး လက်လှမ်းမီမှု	ရှိ	ရာဘာစိုက်ပျိုးခြင်းနှင့် ကွမ်းသီးခြံများတွင် မြေဩဇာထည့် သွင်းရန်နှင့်၊ လုပ်အားခအတွက် ချေးငွေရနိုင်သော နေရာမရှိပါ၊
သွင်းအားစုတတ်နိုင်မှု	ရှိ	ရာဘာဈေးနှုန်းသည် ၂၀၁၂ ခုနှစ်လောက်မှစတင်၍ ကျဆင်းသွားခြင်းကြောင့် ထုတ်လုပ်မှု မရှိတော့ပဲ ခေတ္တရပ်နားနေပါသည်၊
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	ရာဘာဈေးနှုန်း ကျဆင်းခြင်း၊ တစ်ဖက်နိုင်ငံသို့ ကျွမ်းကျင် လုပ်သားများ ရွှေ့ပြောင်းလုပ်ကိုင်ခြင်း၊ ဒေသရှိ ရာဘာ စိုက်ခင်းများသည် အစေးထွက်ရှိမှု နည်းပါးသဖြင့်ရာဘာခြံလုပ်သားများနေ့တွက် မကိုက်ခြင်း၊
ဆည်မြောင်းရေရရှိမှု	ရှိ	သဘာဝတောတောင်များတွင်ရှိသော စိမ့်စမ်းများ၏ အစိုခါတ်နှင့် မိုးရေကိုသာ အားထား စိုက်ပျိုးကြသည်။
မိုးရေမလုံလောက်မှု	မရှိ	
စိုက်ပျိုးရေးသွင်းအားစုများ အချိန်မှီ အသုံးပြု နိုင်မှု	ရှိ	တောင်သူငယ်များသည် စိုက်ပျိုးရေး သွင်းအားစုများကိုများ များပြားပြား အသုံးပြုနိုင်ခြင်း မရှိပါ။
ဖျက်ပိုးနှင့် ရောဂါ	မရှိ	စပါးတွင်ဆစ်ပိုး ကျရောက်လေ့ရှိပြီး ပြင်းထန်မှု မရှိပါ။
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	ရှိ	ကျေးရွာစိုက်ပျိုးသူများသည် နည်းပညာပေး အဖွဲ့အစည်းများနှင့် ထိတွေ့မှု နည်းပါးခြင်း၊ သတင်း ဆက်သွယ်ရေး နည်းပညာများ ရင်းနှီးကျွမ်းဝင်မှု မရှိခြင်း၊ ရယူနိုင်ရန် လက် လှမ်းမမှီခြင်း။
ဈေးကွက် လက်လှမ်းမီမှု	ရှိ	ဈေးနှုန်းမှန်ရောင်းချနိုင်ရန်အတွက် စုစည်းဆောင်ရွက်တတ် သည့် အလေ့အထမရှိခြင်း၊ ဈေးကွက် ချိတ်ဆက်မည့် နည်း လမ်းများ မသိရှိခြင်း။
အစိုးရ မူဝါဒ နှင့် အစီအစဉ် အခြား(၁)	မရှိ	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိုးတွင်းဘက် ရေကြီးနှစ်မြှုပ်မှုဒဏ်ကြောင့် စိုက်ဧကာ၏ (၅၀) ရာနှုန်းခန့် ပျက်စီးမှုကြုံတွေ့သည်။ မိုးစပါးတွင် ပုလောချောင်း ချောင်းရေလျှံမှုကြောင့် လယ်မြေများ ရေနစ်မြုပ်သည့် အခြေအနေများနှင့် ရင်ဆိုင်ရပါသည်။ လက်ရှိတွင် ဆည်မြောင်းဦးစီးဌာနမှ ၎င်းပုလောချောင်းအား ပြန်လည်တူးဖော်ပေးနေပြီး မိုးရာသီ (၂၀၁၅) ရောက်ရှိနေသဖြင့်လုပ်ငန်းများ ခေတ္တရပ်ဆိုင်းထားပါသည်။ လာမည့်ပွင့်လင်းရာသီတွင် ကျန်ရှိနေသော နေရာများအား ဆက်လက်တူးဖော်ပေးမည် ဖြစ်သောကြောင့် လာမည့်နှစ်များတွင် လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ သက်သာသွားမည်ဖြစ်ပါသည်။

ရာဘာစိုက်ပျိုးထုတ်လုပ်သော တောင်သူများသည် (၂၀၁၂) ခုနှစ်မှ စတင်၍ ဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် အကျိုးအမြတ်များ မရရှိတော့သဖြင့် ထုတ်လုပ်ခြင်းကို ခေတ္တရပ်နားနေပါသည်။ ထို့ကြောင့် ၎င်းလုပ်ငန်းကို မှီခိုနေသော ကျပန်းမိသားစုများနှင့် ရာဘာစိုက်ပျိုးထုတ်လုပ်သူများ ဝင်ငွေထိခိုက်ခဲ့ရပါသည်။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေး နှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၁၃	၃၃ ကောင်
မြင်း		
ကျွဲ	၁၂	၈၆ ကောင်
မြည်း		
လား		
ဆိတ်	၂	၆ ကောင်
သိုး		
ဝက်	၆၈	၁၄၄ ကောင်
ကြက်	၁၃၁	၁၁၈၆ ကောင်
ဘဲ	၁၁	၃၉ ကောင်
အခြား		
ရေလုပ်ငန်း		
ငါးကန်	မရှိ	
ပုဇွန်ကန်	မရှိ	
ရေချို ငါးဖမ်းလုပ်ငန်း	မရှိ	
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	မရှိ	
ဂဏာန်းမွေးမြူရေးလုပ်ငန်း	မရှိ	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျောင်းနိမ့်ကျေးရွာတွင် နွား၊ ကျွဲ၊ ကြက်၊ ဝက်၊ ဆိတ်၊ ဘဲ စသည့် တိရစ္ဆာန်များကို မွေးမြူကြပါသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ (၁၃၃) အိမ်ထောင်စုရှိပြီး ဒေသကြက်ကို တစ်ပိုင်တစ်နိုင်မွေးမြူသောအိမ်ထောင်စုမှာ အများစုဖြစ်ပါသည်။ ဆောင်းရာသီနှင့် နွေရာသီတွင် ရေရှားပါးသဖြင့် ဥစားဘဲ မွေးမြူရန်မလွယ်ကူပါ။ ဟင်းစားဘဲသာမွေးမြူကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုမှာ နွား၊ ကျွဲနှင့် ကြက်တို့ကို အဓိကထား မွေးမြူပါသည်။ သို့သော်လည်း ကျောင်းနိမ့်ကျေးရွာတွင် စားကျက်မြေ သီးသန့် မရှိတော့ပေ။ ဆင်းရဲသော အိမ်ထောင်စုများ မှာ ဝက်မွေးမြူရေးကို အဓိက အားထား လုပ်ဆောင်ကြ ပါသည်။ လာမည့် ငါးနှစ်တာကာလတွင် စီးပွားဖြစ် ဝက်မွေးမြူရေးကို စနစ်တကျ လုပ်ကိုင်လိုပါသည်။ သို့အတွက် လိုအပ်သော ချေးငွေပမာဏများကိုလည်း ချေးငွေထုတ်ချေးပေးနိုင်သော ငွေကြေးလုပ်ငန်းရှင်(သို့) အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ လုပ်ဆောင်လိုကြပါသည်။ ကျေးရွာအတွင်းတွင် ရေလုပ်ငန်းကို လုပ်ကိုင်သော အိမ်ထောင်စုမရှိပါ။

(၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
စားကျက်မြေ	ကန်စွန်း၊ မြောက်ဥ၊ ပိန်း အလွယ်တကူရရှိ နိုင်ခြင်း။
ရေရရှိမှု	ရေရရှိမှု ပေါများခြင်း။
တိရစ္ဆာန်မျိုး	မျိုးကောင်းမျိုးသန့် ရရှိရန် လွယ်ကူခြင်း။
ချေးငွေ	
သွင်းအားစုဈေးကွက်	

ဝန်ဆောင်မှုဈေးကွက်	မွေးမြူရေးသုံး ပစ္စည်း၊ ထွက်ကုန်များ သယ်ယူရန် လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ခြင်း။
ထုတ်ကုန်ရောင်းဝယ်မှု	ဝက်ဈေးကွက် ကောင်းခြင်း၊ မြိတ်ဈေးကွက် ရှိခြင်း။ ကျေးရွာ အတွင်း ပြန်လည် ရောင်းချခြင်း။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	မွေးမြူရန် မြေနေရာ အခက်အခဲ မရှိခြင်း။
အခြား(၁)	
အခြား(၂)	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မွေးမြူရန် မြေနေရာ အခက်အခဲ မရှိခြင်း၊ အစားအစာများ အလွယ်တကူ ရရှိနိုင်ခြင်း၊ ဝက်ဈေးကွက် ကောင်းခြင်း (မြိတ်၊ ပုလောမှ လာဝယ်ခြင်း)၊ မွေးမြူရေးသုံးပစ္စည်း၊ ထွက်ကုန်များသယ်ယူရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း စသည်တို့ကြောင့် ဝက်မွေးမြူရေးသည် ဆင်းရဲသောအိမ်ထောင်စုများအတွက် အသင့်တော်ဆုံး ဖြစ်နေပါသည်။ ဒေသကြက်ကိုသာ တစ်ပိုင်တစ်နိုင် မွေးမြူကြသောကြောင့် ဥစားကြက်၊ အသားတိုးကြက် မွေးမြူနည်းနှင့် ရောဂါကာကွယ်ခြင်း နည်းလမ်းများကိုသိရှိပါက စီးပွားဖြစ် မွေးမြူနိုင်မည့် အလားအလာကောင်းများရှိနေပါသည်။

(၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမီမှု	သင့်လျော်သော အတိုးနှုန်းဖြင့် ချေးငွေလက်လှမ်း မမှီနိုင်ခြင်း
ကူးစက်ရောဂါဖြစ်ပွားမှု	ဝက်ရောဂါ ဖြစ်ပွားမှု များပါသည်။
သွင်းအားစုဈေးကွက်	
ဝန်ဆောင်မှုဈေးကွက်	အားနည်းပါသည်။
ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက်	မရှိ
မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ ဗဟုသုတ	အိမ်မွေးတိရစ္ဆာန်များတွင်ကျရောက်တတ်သောရောဂါများ ကို ကြိုတင်ကာကွယ် ကုသရန် အသိပညာ ဗဟုသုတ နည်းပါး ခြင်း။
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင် လက်လှမ်းမီမှု	မရှိ
ငါးလုပ်ငန်း	
ငါးဖမ်းခွင့်လက်လှမ်းမီမှု	
ငါးဖမ်းခွင့်ကုန်ကျစရိတ်မြင့်မားမှု	
အရင်းအနှီးလက်လှမ်းမီမှု	
အခြား	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၂၀၁၄ ခုနှစ်တွင် ဝက်နာရောဂါ ဖြစ်ပွားမှုကြောင့် ဝက်များ အသေအပျောက် များပြားခဲ့ပါသည်။ အဓိက အကြောင်းရင်းမှာ ရောဂါဖြစ်ပွားမှုကို အချိန်မှီ မကာကွယ်နိုင်ခြင်း၊ မထိန်းချုပ်နိုင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေးအစီအမံများလုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသောခေတ်မှီသော မွေးမြူရေးနည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမားအရေအတွက်	မိသားစုဝင်လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့်ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေးနှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း	၃			နိမ့် (ဆန်စက်လုပ်ငန်း - ၃)
၃	လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၄	၂၆		နိမ့် (လက်သမား - ၂၅ (ခေါင်း ဆောင် - ၄)၊ ပန်းရံ - ၅)
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	၅			လတ် (စက်ဘီးပြင်ဆိုင် - ၅)
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ)	၁၁			လတ် (စက်ချုပ် - ၁၀၊ ဆံသ ဆိုင် - ၁)
၇	လက်လီ-လက်ကားရောင်း ဝယ် ရေး	၄		၂၀	လတ် (လက်ကား ရောင်းဝယ် သူ - ၄၊ ဈေးဆိုင် - ၁၀၊ လက် လီ ရောင်းဝယ်သူ - ၁၀)
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	၂			လတ် (လက္ခ်ာရည်ဆိုင် - ၂)
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး	၁၆			နိမ့် (ဆိုင်ကယ်ကယ်ရီ - ၁၀၊ ထော်လာဂျီ - ၆)
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)	၁၅			လတ် (အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်း ခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)		၁		နိမ့် (စစ်မှုထမ်း - ၁)
၁၃	ပညာရေး		၃		လတ် (အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး - ၂ ဦး၊ ကျပန်း - ၁ ဦး ဖြစ်ပါသည်)။
၁၄	ကျန်းမာရေး		၄		လတ် (အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး - ၂ ဦး၊ ကျပန်း - ၂ ဦး ဖြစ်ပါသည်)။
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှ အပ)		၁၅၂		နိမ့် (အဓိကအလုပ်အကိုင်မှာ ကျပန်း လုပ်ကိုင်သူများ ဖြစ်ပါ သည်။ တစ်နှစ်ကို ၂-၆ ကြိမ် ခန့် ငွေလွှဲ ပေးပါသည်။)

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအ တွက်	ဝန်ထမ်း / အလုပ်သ မားအရေ အတွက်	မိသားစု ဝင်လုပ် အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့်ရှင်းလင်းဖော်ပြချက်
၁၇	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီ များ တွင် လုပ်ကိုင်သူ များ				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ် ကိုင်သူဦးရေ	၆၀	၁၉၀	၂၀	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အခြားဝင်ငွေရ လုပ်ငန်းများတွင် ကုန်စုံဆိုင်၊ ပန်းရံ၊ လက်သမား၊ ဝန်ထမ်း၊ ခေါင်းရွက်ဗျက်ထိုးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်း တို့ကို လုပ်ကိုင်ကြသည်။ လက်သမားဆရာ (၂၅)ဦးနှင့် ပန်းရံဆရာ (၅) ဦးတို့သည် ရွာနီးချုပ်စပ်ဒေသများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် အလုပ်ကြမ်းလုပ်သော အိမ်ထောင်စုများမှာ အများအားဖြင့် ကွမ်းသီးခွဲခြင်း၊ ကွမ်းရွက်ခူးခြင်း၊ ကွမ်းသီး အခွံ ခွာခြင်း၊ ရာဘာခြစ်ခြင်း၊ ဒူးရင်းသီးခူးခြင်း၊ ကောက်ရိတ်ခြင်းတို့ကို လုပ်ကိုင်ကြသည်။ ဒေသထွက်ကုန်များ၊ ကုန်ကြမ်းများစွာ (ချဉ်ပေါင်၊ နာနတ်၊ ဒူးရင်း၊ ပိန္နဲ၊ စုံပဒတ်သီး) ရှိသော်လည်း မည်သည့် အသေးစားထုတ်လုပ်မှု လုပ်ငန်းများကိုမှ လုပ်ကိုင်ခြင်း မရှိပေ။ မည်သူတစ်ဦး တစ် ယောက်ကမှ စွန့်စားတီထွင်၍ စတင်ထုတ်လုပ်ရန်လည်း ဆန္ဒမရှိကြချေ။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့် အခက်အခဲများ
ပုလောဈေးကွက် နှင့် (၃) မိုင်သာ ကွာဝေးသဖြင့် လွယ်ကူစွာ ကုန်စည် ရောင်းဝယ်နိုင်သည်။	
ကျေးရွာအတွင်းရှိ လူငယ်များသည် မိမိတို့ ဒေသတွင်းပင် လုပ်ကိုင်လိုစိတ် ရှိကြသည်။	• အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း နီးစပ်ရာ ကျေးရွာ များသို့ သွားရောက်လုပ်ကိုင်ရန် ယာဉ်မရှိ (ဆိုင်ကယ်) • ချေးငွေကို လက်လှမ်းမီမှုမရှိ • ကျွမ်းကျင်သည့်နည်းပညာ မရှိခြင်း (စက်ပြင်၊ ဖန်စီထိုး)
ကျေးရွာအတွင်းတွင် ကုန်ချော ထုတ်လုပ်နိုင်သော ကုန်ကြမ်းပစ္စည်းများ ရှိနေသည် (ပိန္နဲ၊ နာနတ်၊ ချဉ်ပေါင်၊ ဒူးရင်း စသည်)	• ကျေးရွာအတွင်းစွန့်စားတီ ထွင်ထုတ်လုပ်ရန် ဆန္ဒမရှိကြချေ။ • ကုန်ကြမ်းမှ ကုန်ချောထုတ် လုပ်ရန် နည်းပညာ မရှိကြချေ။
ကျေးရွာအတွင်းတွင်ပင် ကျေးရွာလူထု၏အင်အား ဖြင့်လည်ပတ်ရံပုံငွေများ ထားရှိမှု ရှိသည်။	• လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေ ထုတ်မချေးနိုင်ခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အသက် (၁၈) နှစ် မှ (၂၀) နှစ်ကြား အမျိုးသမီးငယ်အများစုနှင့် အမျိုးသားအနည်းငယ်မှာ ထိုင်းနိုင်ငံ၊ ဘုတ်ပြင်းနှင့် ထားဝယ်(၈) မိုင်ဒေသသို့ သွားရောက်၍ ရာဘာခြစ်ခြင်း၊ ငါးများကို စည်သွပ်ဘူးများထဲထည့်ခြင်း၊ ပုဇွန်အခွံခွာခြင်းတို့ကိုလုပ်ကိုင်ကြပါသည်။ ယင်းသို့ သွားရောက်လုပ်ကိုင်သူများသည် ဝင်ငွေကောင်းကောင်းရရှိကြပြီး မိသားစုထံသို့ ပြန်ပို့နိုင်ကြပါသည်။ အချို့အဆင်မပြေ သူများမှာမူ (၁၀) နှစ်ထိ တိုင်ပြန်မလာနိုင်ဘဲ ရှိနေဆဲဖြစ်သည်။ အနာဂတ်တွင်မူ လူငယ်များအနေဖြင့် မိမိရပ်ရွာတွင် နေထိုင်လိုစိတ်ရှိကြ

သည်။ အလားတူအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်၍ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန် လိုအပ်ပါသည်။ ထို့အပြင် ချေးငွေလက်လှမ်းမီမှု ရရှိရန်လည်းလိုအပ်နေကြောင်း ဆွေးနွေးကြပါသည်။

(၂.၃) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(ကီလိုမီတာ)	ရွာတွင်း	ပုလောမြို့(၃) မိုင်
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	လမ်းလျှောက်	ဆိုင်ကယ်၊ထော်လာဂျီ၊သုံးဘီး
ကုန်စည်အမျိုးအစား နှင့် ဝန်ဆောင်ပေးနိုင်မှု	အစားအသောက်အမယ်စုံ	စားသောက်ကုန်၊အဝတ်အထည်၊ငါးပိ၊ငါးခြောက်၊အိမ်ဆောက်ပစ္စည်း၊ဆေးဝါးစသည်အားလုံး
ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု	မရှိ	ကောင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဆိုင်ကယ်ကယ်ရီလိုက်သူများမှာ အမျိုးသားများဖြစ်ကြ၍ ကျေးရွာနှင့် ပုလော၊ ရွာနီးချုပ်စပ် ကျေးရွာများမှ ပုလော၊ မြိတ်ထိတိုင် လိုက်လေ့ရှိကြသည်။ ဝင်ငွေအားဖြင့် ယခင်က တစ်နေ့လျှင် ပျမ်းမျှ (၁၀၀၀ - ၂၀၀၀) ကျပ်အထိ ဝင်လေ့ရှိသော်လည်း ယခုအခါတွင် ကိုယ်ပိုင်ဆိုင်ကယ် ပိုင်ဆိုင်သူများလာသဖြင့် ဝင်ငွေကို ခန့်မှန်းရန် ခက်ခဲပါသည်။

အနီးဆုံးဈေးနှင့် အကြီးစားဈေးကွက်မှာ ပုလောမြို့ဖြစ်သည်။ ပုလောမြို့နှင့် (၃) မိုင်သာ ကွာဝေးပြီး ကျေးရွာမှ ဆိုင်ကယ်၊ ထော်လာဂျီ စသည်တို့ဖြင့် ဝန်ဆောင်မှုပြုကြသည်။ ဒေသထွက်သီးနှံများ၊ ကွမ်းသီးခြောက်၊ ရာဘာပြားစသည့်တို့ကို အနည်းအကျဉ်းဆိုလျှင် ကျေးရွာတွင်းတွင်ရောင်းချကြပါသည်။ များပြားပါက ပုလောမြို့သို့ ထော်လာဂျီဖြင့် တင်ပို့ရောင်းချ ကြသည်။ ဆိုင်ကယ်ဖြင့် သွားပါက အသွား၊ အပြန် ကုန်ကျစရိတ်မှာ (၃၀၀၀) ကျပ် ဖြစ်သည်။

ပုလောဈေးတွင် အဝတ်အထည်၊ အစားအသောက်အမယ်စုံ၊ အိမ်ဆောက်ပစ္စည်း၊ ဆေးဝါးစုံလင်စွာ ရရှိနိုင် သည်။ ဈေးအဆောက်အဦးမှာ(O) ပုံသဏ္ဌာန်ရှိပြီးဈေးဆောင်(၄)ဆောင်ရှိပြီးသွပ်မိုး၊ အုတ်ကာဖြစ်၍ ဝန်ဆောင် မှုကောင်းပါသည်။

(၂.၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင် သည့် နေရာ	ငွေကြေးဝန်ဆောင်မှု အမျိုးအစား	ပြန်လည်ပေးဆပ်ရမည့်ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်း လိုအပ်မှု	ချေးငွေ ရရန် အခက်အခဲများ
အစိုးရဘဏ်(စိုက်ဘဏ်)	ချေးငွေ	တိကျသော အချိန်ကာလ	တစ်လလျှင် (၀.၄၂) တိုး	မလို	ပုံသေစည်းမျဉ်း
သမဝါ ယမ	ချေးငွေ၊စုငွေ	တိကျသော အချိန်ကာလ	တစ်လလျှင် (၁.၁၅) တိုး	မလို	ပုံသေစည်းမျဉ်း
ပုဂ္ဂလိကဘဏ် ပုဂ္ဂလိက အသေးစား					

ချေးငွေဝန်ဆောင်မှုကဏ္ဍ					
အဖွဲ့အလိုက်ငွေစု/ငွေချေး အစီအစဉ်	ချေးငွေ	တိကျသော အချိန်ကာလ	တစ်လလျှင် (၅)ရာခိုင်နှုန်း တိုး	မလို	ပုံသေစည်းမျဉ်း
ငွေချေးပေးသူ	ချေးငွေ	အလျော့အတင်းလုပ်နိုင်	တစ်လလျှင် (၅) မှ (၁၀) ရာခိုင်နှုန်း	မလို	လူတိုင်းမရနိုင်၊ ရင်းနှီးယုံကြည်မှုရနိုင်၊ လိုအပ်သည့်ငွေပမာဏအတိုင်းမရနိုင်
အပေါင်ဆိုင်					
မိတ်ဆွေနှင့်ဆွေမျိုးများ	ချေးငွေ	အလျော့အတင်းလုပ်နိုင်	တစ်လလျှင် (၂.၅) ရာခိုင်နှုန်း တိုး	မလို	လိုအပ်သည့်အချိန်၊ လိုအပ်သလောက် ငွေချေး မရနိုင်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိုက်ပျိုးရေးဘဏ်

တောင်သူများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နွေစပါးနှင့် မိုးစပါးအတွက်ထုတ်ချေးနိုင်သည်။ တစ်ဦးလျှင် (၁၀၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးပြီး အချိန်ကာလမှာ (၆) လ ဖြစ်ပါသည်။ ထုတ်ချေးသည့်နှုန်းမှာ တစ်ဦးနှင့် တစ်ဦးဧက အပေါ်မူတည်၍ ကွာခြားမှုရှိပါသည်။ အတိုးနှုန်းမှာ တစ်လလျှင် (၀.၄၂ ရာခိုင်နှုန်း) ဖြစ်ပြီး (၆) လပြည့်ပါက အတိုးနှင့်အရင်း တစ်ကြိမ်တည်းပေါင်းပြီး ပြန်လည်ပေးဆပ်ရသည်။ ကျေးရွာ၏အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူ တစ်ဦးမှ ပြန်လည် ကောက်ခံရန် တာဝန်ယူထားပါသည်။

အဖွဲ့အလိုက် စုငွေ/ချေးငွေ အစီအစဉ်

လွန်ခဲ့သော (၆) နှစ်မှ စ၍ ကျေးရွာတွင် ရွာသူ၊ရွာသားများ၏ သဒ္ဓါတရား တတ်အားသမျှ စုပေါင်း၍ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန် ထာဝရငွေပဒေသာပင် စိုက်ထူခဲ့ကြသည်။ ထိုငွေမှာ (၄၀၀,၀၀၀) ကျပ် ရရှိခဲ့ပြီး မိုးကုတ်ဝိပဿနာ တရားစခန်းမှ ကျန်ရှိငွေ (၁,၀၀၀,၀၀၀) ကျပ်ကို ကမကထပြု မတည်ခဲ့သည်။ ဂေါပကများမှ ဦးဆောင်ပြီး ထိုငွေကို ကျေးရွာတွင်းသို့ လည်ပတ် ချေးငှားခဲ့သည်။ ကျေးရွာသူ၊ ရွာသားများသို့ ငွေချေးရာတွင် တစ်လလျှင် အတိုးနှုန်း (၅%) ဖြင့် တစ်နှစ်ကြာ ထုတ်ချေးခဲ့သည်။ အတိုးကျသင့်ငွေကို လစဉ်လတိုင်း ပေးချေ၍ အရင်းကို တစ်နှစ် ပြည့်ပါက ပြန်လည်ပေးဆပ်ရသည်။ ချေးငွေကို ပြန်လည် ကောက်ခံပြီး နောက်တွင် နောက်တစ်ကြိမ် ထုတ်မချေးသေးဘဲ ငွေများကိုစီမံရန် တစ်လအချိန်ယူပါသည်။ ထိုသို့ လည်ပတ်ရာတွင် (၇,၅၀၀, ၀၀၀) ကျပ် ရရှိချိန်တွင် (၁၀,၀၀၀,၀၀၀) ကျပ် ရရှိရန် ကျေးရွာမှ (၂,၅၀၀,၀၀၀) ကျပ်ကို ထပ်မံစုဆောင်း၍ ဖြည့်တင်းခဲ့သည်။ စုစုပေါင်း (၁၀,၀၀၀,၀၀၀) ကျပ် ရရှိချိန်တွင် ထိုငွေကို ထုတ်ချေးရာမှ လစဉ်ရရှိသော အတိုးငွေကျပ် (၅,၀၀၀,၀၀၀) ကို ဘုန်းတော်ကြီးကျောင်း တမံ သလင်းခင်းခြင်း၊ မြေဖို့ခြင်း၊ အမိုးကာခြင်းစသည့် ပြုပြင်ပြင်ဆင်ရေးလုပ်ငန်းများတွင်အသုံးပြုခဲ့ပါသည်။ ယနေ့အထိ ဘုန်းတော်ကြီးကျောင်း ပြင်ဆင်ရန် (၅,၀၀၀,၀၀၀) ကျပ်အား သုံးစွဲပြီး ဖြစ်သည်။ ချေးငွေများကို ရပ်ရွာအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများမှ တဆင့်ထုတ်ချေးပေးပြီး စုစုပေါင်းရပ်ကွက်(၆) ခု တိတိကို ထုတ်ချေးပေးပါသည်။ အဆိုပါ ချေးငွေအား ဘုန်းတော်ကြီး ကျောင်းသို့ ကိုးကွယ်သူများသာ ထုတ်ချေး အသုံးပြုနိုင်သည်။

ကျေးရွာအတွင်းတွင် ဘုန်းတော်ကြီးကျောင်း (၂) ကျောင်းရှိရာ အခြားဘုန်းတော်ကြီးကျောင်းမှ လည်းယင်းကဲ့သို့ပင် ကျေးရွာသူ၊ ရွာသားများ၏ ရံပုံငွေကို လည်ပတ် ထုတ်ချေးသည့် စနစ်ကို ဂေါပကအဖွဲ့မှ ဦးစီးပြီးလုပ်ဆောင်နေပါသည်။ ထိုဘုန်းတော်ကြီးကျောင်း၏ လည်ပတ်ရန်ပုံငွေမှာ အိမ်ထောင်စု (၂၅) ဦးခန့် သုံးစွဲပြီး

ငွေပမာဏမှာ မိမိတို့ အဆိုပြုသည့် ပမာဏအတိုင်း ထုတ်ချေး နိုင်ပါသည် (ဥပမာ - ၃၀၀,၀၀၀)ကျပ် ချေးငွေ အား ကျောင်းသစ်ဘုန်းတော်ကြီးကျောင်းသို့ ကိုးကွယ်သူများသာ ခံစားခွင့်ရှိသည်။ ထိုသို့ဘုန်းတော်ကြီး ကျောင်းများအလိုက် ကွဲပြားစွာ လုပ်ဆောင်ကြ ခြင်းမှာ လွန်ခဲ့သော နှစ် (၆၀) ကျော်ခန့်ကပင် ဖြစ်သည်။

ပညာရေးငွေပဒေသာပင်

လွန်ခဲ့သော (၂) နှစ်ခန့်က ပညာရေး ငွေပဒေသာပင်သည် အရှင်ပညာဒီပနှင့် အရှင်အာနန္ဒာပဏ္ဍိတ (၂) ပါးမှစတင်၍ ကျပ်ငွေ (၁,၅၀၀,၀၀၀)ကျပ်ဖြင့် ကမကထပြု မတည်ပေးခဲ့သည်။ ထိုငွေမှာ ထူးချွန် ကျောင်းသား များ၊ ချို့တဲ့ ကျောင်းသားများအား ထောက်ပံ့ရန်အတွက် ရည်ရွယ်သည်။ အတိုးနှုန်းမှာ တစ်လလျှင် (၅) ကျပ်နှုန်း ဖြစ်ပြီး တစ်နှစ်တာ ချေးယူနိုင်သည်။ အတိုးနှင့် အရင်း အားလုံးအား တစ်နှစ်ကြာသည့်အချိန်တွင် တပေါင်းတည်း ပြန်လည် ပေးဆပ်ရသည်။ ဦးရာလူ စနစ်ဖြင့် ထုတ်ချေးပေးပြီး ရံပုံငွေရှိပါက လိုအပ်သလောက် ချေးယူနိုင်သည်။ ယခုအခါတွင် (၂,၀၀၀,၀၀၀) ကျပ်ခန့် ရရှိနေပြီ ဖြစ်သည်။ ထိုရံပုံငွေအား ကျေးရွာ၏ ဆရာ၊ ဆရာမများမှ စီမံခန့်ခွဲပါသည်။

သမဝါယမချေးငွေ

မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးဆောင်ဖွဲ့စည်းထားသော သမဝါယမအသင်းတွင် ပါဝင်သူ (၇၀) ဦး ရှိသည်။ သမဝါယမအဖွဲ့ဝင်များသည် စုငွေ အဖြစ်တစ်ဦးလျှင် (၅၀၀၀) ကျပ် စုဆောင်းရသည်။ တစ်ဦးလျှင် နှစ်ဦးစာ (၁၀,၀၀၀) ကျပ် စုဆောင်းပါကလည်း လက်ခံပေးသည်။ ထိုစုကြေး အပေါ် တွင် အတိုးပေးပြီး လိုအပ်၍ ပြန်လည် ထုတ်ယူလိုလျှင် တစ်လကြိုတင် အကြောင်းကြားရသည်။ တစ်ဦးလျှင် (၁၀၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးနိုင်ပြီး အတိုးနှုန်းမှာ တစ်လလျှင် (၁.၁၅%) ဖြစ် သည်။ ချေးငွေအား (၆) လကြာလျှင် အရင်း၊ အတိုးအားလုံး ပြန်ဆပ်ရသည်။ ထိုချေးငွေ၏ လုပ်ဆောင်မှုစနစ်ကို သဘောပေါက်မှု အားနည်းသော ကြောင့် ကျေးရွာသူ၊ ရွာသားများအနေဖြင့် စိတ်ဝင်စားမှု အားနည်းကြသည်။

(၂.၅) သဘာဝသယံဇာတရယ်လျှော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် များ စီမံခန့်ခွဲမှု

(၂.၅.၁) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက် အခဲများ

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက် အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	သင့်	တောင်ကုန်းများကို ခုတ်ထွင်ရှင်းလင်း၍ ရာဘာ စိုက်ပျိုး ခြင်းကြောင့် မြေဆီလွှာများ မျောပါ ဆုံးရှုံးခြင်း၊ လယ်မြေ များတွင် သဘာဝမြေဩဇာ ပြန်လည် ထည့်သွင်းခြင်း မရှိခြင်း။
အပင်မျိုးစိတ်များ	မြင့်	တောတောင်များ ရှင်းလင်း၍ ရာဘာများ နေရာလပ် မကျန် စိုက်ပျိုးလာခြင်း။
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	နိမ့်	
ရေအရင်းအမြစ်	နိမ့်	
ငါးမျိုးကွဲများ	နိမ့်	
အခြားတိရစ္ဆာန်မျိုးကွဲများ	မြင့်	စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်းကြောင့် တိရစ္ဆာန် မျိုးကွဲ များ ရှင်သန်ရန် နေရာရှားပါး လာပါသည်။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	နိမ့်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက် အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

(၂.၅.၂) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအမံများ

အမျိုးအစား	အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ)	ဖော်ပြချက်/ ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ် လျော့ချရေးအလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	လတ်	ချောင်းများ တိမ်ကောလာသဖြင့် ရေစီဆင်းမှု နှေးသွားပြီးပုံမှန် ထက်မိုးရွာသွန်းမှု များသည့် နှစ်များတွင် စိုးရိမ်ရနိုင်သည်။	မရှိ
မီးဘေး	နည်း		
မုန်တိုင်း	များ	ကမ်းရိုးတန်းဒေသဖြစ်၍ မုန်တိုင်းဖြစ်ပေါ်လျှင်ဆိုးဝါးစွာ ထိခိုက်နိုင်ပါသည်။	မရှိ
ငလျင်	နည်း		
မိုးခေါင်ခြင်း	နည်း		
အအေးလှိုင်း	နည်း		
ပဋိပက္ခ	နည်း		
တိရစ္ဆာန်ရောဂါ ဖြစ်ပွါးမှု	နည်း		
လူရောဂါဖြစ်ပွားမှု	လတ်	တစ်ဖက်နိုင်ငံသို့ ရွှေ့ပြောင်း လုပ်ကိုင်သူများသဖြင့် ခုခံအား ကျဆင်းမှု ရောဂါကဲ့သို့သော ရောဂါများ ဖြစ်နိုင် သည်။	မရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

(၂.၆) ပညာရေး

(၂.၆.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ပညာရေး	ကျား	မ	ပေါင်း	၉ နှစ်နှင့် အထက်၊ လူဦးရေ၏ %
လုံးဝကျောင်းမနေသူများ	၇	၈	၁၅	၁.၁၇ %
ဘာသာရေးအခြေပြုပညာရေး	၅၂	၄၀	၉၂	၇.၁၅ %
မူလတန်းမပြီးဆုံးမီ ကျောင်းထွက်သူဦးရေ	-	-	-	- %
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၅၁၆	၅၇၁	၁၀၈၇	၈၄.၄၆ %
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၃၃	၃၁	၆၄	၄.၉၇ %
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၈	၁၀	၁၈	၁.၄၀ %
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၁	၁၀	၁၁	၀.၈၅ %
၉ နှစ် အထက် လူဦးရေပေါင်း	**၆၁၇**	**၆၇၀**	**၁၂၈၇**	**၁၀၀ %**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျောင်းနိမ့်ကျေးရွာတွင် စာတတ်မြောက်မှုမှာ (၉၉) ရာခိုင်နှုန်း ရှိပါသည်။ စာမတတ်မြောက်သူများမှာ သက်ကြီးပိုင်းများ ဖြစ်ပြီး ကျား (၇) နှင့် မ (၈) ဦး နှင့် ဘုန်းတော်ကြီး ပညာသင်ကျောင်းမှ ပြီးဆုံးသူများမှာ (၉၂) ဦး ရှိပါသည်။ ကျေးရွာတွင် မူလတန်းမပြီးမီ ကျောင်းထွက်သူစာရင်းကို ကောက်ယူခဲ့ခြင်းမရှိပါ။ မူလ

တန်းပညာပြီးဆုံးသူ များပြားသော်လည်း အလယ်တန်းအဆင့် တက်ရောက်နိုင်သူမှာ မူလတန်းအဆင့်ပြီးဆုံးသူ၏ (၂၈) ရာနှုန်းခန့်သာရှိပါသည်။ အဓိက အကြောင်းရင်းမှာ ယခင်ကာလက ကျေးရွာအတွင်း မူလတန်းကျောင်းသာရှိခြင်းနှင့် အလယ်တန်း၊ အထက်တန်းကျောင်း ပညာသင်ယူခွင့်ရရန် ပုလောမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားလာရခက်ခဲခြင်း၊ မြို့ကျောင်းတွင် ထားရန်အတွက် ကုန်ကျစရိတ် မတတ်နိုင်ခြင်းတို့ကြောင့် ဖြစ်သည်။ ယခုအချိန်တွင် ကျေးရွာတွင် တွဲဖက်အလယ်တန်းကျောင်း အဆင့်ရှိနေပြီဖြစ်သောကြောင့် အလယ်တန်းအဆင့် တတ်မြောက်သူဦးရေ များပြားလာပါသည်။ လမ်းကောင်းမွန်လာ သောကြောင့် ပုလောမြို့တွင် အထက်တန်းအဆင့် သွားတက်သူ ကျောင်းသား/သူဦးရေတိုးတက်လာပါသည်။ လက်ရှိကာလတွင် တက္ကသိုလ်တက်ရောက်နေသူ (၁၈) ဦးရှိပြီး ကျေးရွာရှိ ဘွဲ့ရဦးရေ မှာလည်း (၁၁) ဦးအထိ ရှိလာပြီဖြစ်သည်။

(၂.၆.၂) ကျောင်းအပ်နှုန်း

ဇယား (၂၈) ကျောင်းအပ်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း	၁၃၅	၁၂၉	၂၆၄	၂၆၄/၂၁၈=၁၂၁%
အလယ်တန်း	၈၁	၉၂	၁၇၃	၁၇၃/၂၁၅=၈၀.၄၆
အထက်တန်း	၂၀	၂၅	၄၅	
တက္ကသိုလ်ကျောင်းသား၊သူ	၈	၁၀	၁၈	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)မှ ရယူပါသည်။

လက်ရှိမူလတန်းတက်ရောက်နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅-၉) နှစ် အရေအတွက်နှင့် နှိုင်းယှဉ်လျှင် (၂၁)ရာခိုင်နှုန်းပိုနေခြင်းမှာ မူလတန်းတက်ရောက်နေသူ အချို့မှာ(၉)နှစ်ထက် အသက်ကြီးနေသောကြောင့်ဖြစ်ပါသည်။

(၂.၆.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် လက်လှမ်းမီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ

စဉ်	အသုံးအဆောင်/အထောက်အပံ့	တွဲဖက်အလယ်တန်းကျောင်းဆောင်
၁	ရွာမှအကွာအဝေး(ကီလိုမီတာ)	ရွာအတွင်း
၂	အရွယ်အစား(အလျား၊အနံ၊အမြင့်)	၃၀'x ၁၈၀'x ၁၂'တစ်ဆောင်၊ ၃၀'x ၁၂၀'x ၁၂'တစ်ဆောင်၊
၃	အိုး၊အကာ၊အခင်းအမျိုးအစား	သွပ်မိုး၊အုတ်ကာ၊ကွန်ကရစ်ခင်း
၄	ပရိဘောဂပစ္စည်း(လုံလောက်/မလုံလောက်)	စာရေးခုံ နှင့် စားပွဲ (၁၀) စုံလို
၅	ဆရာအရေအတွက်	ဆရာမ (၁၂) ဦး၊ ဆရာ (၁) ဦး၊ အထွေထွေ လုပ်သား (၁) ဦး၊ စုစုပေါင်း (၁၃) ဦး

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

(၂.၆.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၀) ပညာရေး အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မဦးရေ	ဆရာ (၁) ဦး၊ ဆရာမ (၁၂) ဦး
တပည့် - ဆရာ အချိုး	မူလတန်း - ၃၅၊ အလယ်တန်း - ၃၀ (ဆရာ၊ဆရာမလုံလောက်မှုမ ရှိပေ။၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှသာ တွဲဖက်အလယ်တန်းကျောင်း ဖြစ်လာခြင်းကြောင့်

	လည်း ယခုကဲ့သို့ ကြုံတွေ့ရခြင်းဖြစ်သည်။
မူလတန်းပညာကျောင်းထွက်နှုန်း	၁၆ %
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် တစ်ရပ် အနေဖြင့် မရှိပေ။ ကျောင်းသူများထဲတွင် မွေးရာပါမသန်စွမ်း (စကားမပြောတတ်သူ) တစ်ဦး ရှိပြီးဆဋ္ဌမတန်းတွင် ပညာသင်ယူနေပါသည်။ ကျေးရွာအတွင်းတွင် ကျောင်းနေ အရွယ် အခြားမသန်စွမ်းသူတစ်ဦးရှိပြီး အဘိုး၊ အဘွားနှင့် အတူနေထိုင် ရသည့် အပြင် စီးပွားရေး ပြေလည်မှု မရှိသဖြင့် မူလတန်း ပြီးဆုံးသည် အထိသာ ပညာ သင်ကြား ခဲ့သည်။
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	မူလတန်းအရွယ် ကျောင်းနေကလေးငယ်များအား ကျောင်းအပ်နှံရေး နေ့တွင် ပညာရေးဌာနမှ ကျောင်းသုံးဗလာစာအုပ် (၆) အုပ်နှင့် လက် ရေးလှစာအုပ်များ ပံ့ပိုးပေးပါသည်။ ကျောင်းအနေဖြင့် စာရေးကိရိယာဖိုးတစ်စုံတစ်ရာ ကောက်ခံ ခြင်း မရှိပါ။ မူလတန်းတွင် ကျောင်းသား (၂၀) ခန့်မှာ အဘိုး၊ အဘွား များဖြင့် နေရသဖြင့် ရံဖန်ရံခါတွင် စာရေးကိရိယာ မပြည့်စုံခြင်းတို့မှလွဲ၍ ကြီးကြီးမား မားပြဿနာမရှိပါ။ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းကော်မတီတို့ မှလည်း စာရေးကိရိယာမပြည့်စုံခြင်း၊ ပုလောသို့ စာမေးပွဲဖြေရန် ခရီးစရိတ် မရှိခြင်း ကဲ့သို့သော အခက်အခဲများကို ကူညီဖြေရှင်းပေးကြပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စာသင်ကျောင်းအခြေအနေ

ကျောင်းနိမ့်ကျေးရွာရှိ တွဲဖက်အလယ်တန်းကျောင်းတွင် မူလတန်း အဆင့်တွင် (ကျား - ၁၃၇ + မ - ၁၃၂) = ပေါင်း ၁၆၉ ဦး နှင့် အလယ်တန်းအဆင့်တွင် (ကျား - ၈၂ + မ - ၁၀၁) = ပေါင်း ၁၈၃ ဦး ပညာ သင်ကြားနေ ပါသည်။ အလယ်တန်း အောင်မြင်ပါက ပုလောမြို့နယ်နှင့် အခြားဒေသများသို့ အထက်တန်း သွား တက်ကြပြီး အနည်းအကျဉ်းမှာ သွားရောက်နိုင်ခြင်းမရှိပေ။ ကျောင်းဆက် မတက်သောကလေးများမှာမူ မိဘများနှင့်အတူ ထိုင်းနိုင်ငံသို့သွားရောက် လုပ်ကိုင်ကြပါသည်။

ကျေးရွာရှိ စာသင်ကျောင်းမှာ တွဲဖက်အလယ်တန်းအဖြစ် တစ်နှစ်သာရှိပြီး ပုလောမြို့နယ်၊ အထက် တန်းကျောင်းမှ တွဲဖက်ယူထားခြင်းဖြစ်သည်။ မူလတန်းသင်ရန် ဆရာမ (၆) ဦး၊ အလယ် တန်းပြမှာ (၇) ဦး၊ စုစုပေါင်း (၁၃) ဦးခန့် ရှိပါသည်၊ ကျေးရွာမှ ကျေးရွာခန့် ဆရာမ (၁) ဦးကို ငှားရမ်းပေးထားပြီး ဆရာမ၏ လစာ (၁၀၀,၀၀၀) ကျပ်ကို ကျေးရွာရှိမိဘများနှင့် ကျောင်းကော်မတီမှ ကုန်ကျခံပါသည်။ ဆရာ၊ ဆရာမဦး ရေမှာလည်း လုံလောက်မှုမရှိသဖြင့် ပညာရေး ဌာနသို့ တင်ပြထားပါသည်။ ကျောင်းအိမ်သာ (၅) လုံး ရှိပြီး ကျောင်းသားဦးရေ အရေအတွက်မှာ (၄၅၂)ဦး ဖြစ်သောကြောင့် လုံလောက်မှုမရှိပေ။ ကျောင်းတွင် ကျောင်းသုံး ခံနှင့် စားပွဲများမှာလည်း (၁၀) စုံခန့် လိုအပ်မှု ရှိနေပါသည်။ ကျောင်းသားများအတွက် သောက်သုံး ရေကို စိမ့်စမ်းရေအားပိုက်ဖြင့် သွယ်တန်းခြင်းဖြင့် အသုံးပြုနေပါသည်။ သောက်သုံးရေအနေဖြင့် ကျောင်းဖွင့်သည့် ကာလ တလျှောက်လုံးလုံလောက်မှုရှိပါသည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ကျောင်းပညာရေး ဖွံ့ဖြိုးတိုးတတ်လာစေရန် ကျောင်း၏အခြေခံ လိုအပ်ချက်များ ပြည့်မီရေး (ဆရာ၊ ဆရာမ လုံလောက်မှု ရှိရန်၊ ကျောင်းအိမ်သာများ အလုံ အလောက်ရှိရန်) တို့ကိုအဓိက လုပ်ဆောင်ပေးသည်။ ထိုသို့ လိုအပ်ချက်များကို ညှိနှိုင်းရန် လိုအပ်ပါက ကျေးရွာ တာဝန်ရှိသူများ၊ ကျောင်းသား မိဘများနှင့် ဆွေးနွေးပွဲများကို ဦးဆောင် ပြုလုပ်ပေးသည်။ မိဘဆရာအသင်းမှလည်း အားတက် သရော ပူးပေါင်းပါဝင်ကာ ကျောင်း၏ လိုအပ်ချက်များ ကို ဖြည့်ဆည်းပေးနေပါသည်။

(၂.၇) ကျန်းမာရေး နှင့် အာဟာရ

(၂.၇.၁) အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

၁. ၄ွက်ဖျား	၂. သွေးလွန်တုပ်ကွေး	၃.	၄.
၅.	၆.	၇.	၈.

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

တွေ့ရှိချက်- သွေးလွန်တုပ်ကွေးရောဂါသည် (၁၀) နှစ်အောက်ကလေးများတွင် အဖြစ်များကြောင်းတွေ့ရသည်။

(၂.၇.၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (ကီလို)	အခန်း/ ကုတင် (လုံလော က်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ် သက်သော အသုံး အဆောင်ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု)	မှတ် ချက်
ကျေးလက် ကျန်းမာရေး ဌာန	၃.၂ ကီလို မီတာ နန်းတောင်	ရှိ	သားဖွားဆရာမ (၁) ဦး ကြီးကြပ်-၁ (၁) ဦး	လုံလောက်မှုရှိ	
ဆေးရုံ	၄.၈ ကီလို မီတာ	ရှိ	ဆရာဝန် (၇) ဦး သူနာပြု - (၁၈) အခြား - (၁၃)		
ဆေးဆိုင်	ကျေးရွာ တွင်း၊ နန်း တောင် (၃.၂ ကီလို) ပုလောမြို့(၄.၈ကီလို)		ပုလောမြို့တွင်သာ ဆေးဝါးကျွမ်းကျင် သူရှိ	ပုလောမြို့တွင်သာကာကွယ်ဆေးနှင့်အခြား အအေးပေးရန်လိုအပ်သည့် ဆေးများကို ရနိုင်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာအတွင်းတွင် အရံသားဖွားဆရာမ (၁)ဦးနှင့် နန်းတောင်ကျေးရွာ ကျန်းမာရေးဌာနခွဲမှ ကြီးကြပ် (၂) တစ်ဦးတို့ ရှိပါသည်။ ၄ွက်ဖျားရောဂါ တိုက်ဖျက်ဆေးများကို ကျေးရွာရှိ ကျန်းမာရေးကြီးကြပ် (၂) ထံတွင် ရရှိနိုင်ပါသည်။ လစဉ် (၅) နှစ်အောက်ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေး အခြေအနေစစ်ဆေးပေးခြင်းတို့ကိုပြုလုပ်ဆောင်ရွက်ပေးပါသည်။ ကျေးရွာလူထုမှ ကျေးရွာအတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုရှိလျှင် ပိုမိုကောင်းမွန်ပါမည်ဟု သုံးသပ်ဆွေးနွေးကြပါသည်။

(၂.၇.၃) သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအ တွက်	အကောင်း/ အဆိုး	လက်ရှိ/လုံလောက်မှု နွေ	မိုး	ဆောင်း	အခြား
ရေတွင်း	၁၀၀	ကောင်း				တစ်နှစ်ပတ်လုံးသုံးနိုင် (နွေရာသီ ရေရှား ပါးသည့်လ အနည်းငယ်တွင် သာ ရေပေါများသော တွင်းများတွင် သွားရောက် ခပ်ယူကြသည်။

စက်တွင်း	၃	ကောင်း	တစ်နှစ်ပတ်လုံး သုံးနိုင်
စိမ့်စမ်းရေ	၂	ကောင်း	တစ်နှစ်ပတ်လုံး သုံးနိုင်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

တစ်ရွာလုံးအတွက် သောက်သုံးရေကို ကျေးရွာရှိ စိမ့်စမ်းရေနှင့် ရေတွင်းများမှ ရရှိပါသည်။ ရေတွင်းအရေအတွက်မှာ (၁၀၀) ကျော်ခန့် ရှိပြီး စက်ရေတွင်း (၃) တွင်း ရှိပါသည်။ စိမ့်စမ်းရေကိုပင် အဓိက အားထားအသုံးပြုပြီး ရေကိုစစ်၍ အသုံးပြုကြပါသည်။ စိမ့်စမ်းရေကို ရေပိုက်လိုင်းများဖြင့် သွယ်တန်းပြီးနီးစပ်ရာ (၃) ဦးတစ်စု၊ (၄) ဦး တစ်စု သုံးစွဲကြပါသည်။ နွေရာသီ ရေရှားပါးချိန်တွင် ရေရရှိသည့် တွင်းများရှာဖွေ၍ ရေခပ်ရသည်မှလွဲလျှင် အခြားမည်သည့် ပြဿနာမှမရှိပါ။ သို့သော်လည်း ကျေးရွာရှိ အိမ်တိုင်းသို့ ရေပိုက်လိုင်းသွယ်တန်းခြင်းအတွက် စီစဉ်ဆောင်ရွက်နိုင်လျှင် ပိုမို ကောင်းမွန်မည့်အကြောင်း သုံးသပ်ဆွေးနွေးကြပါသည်။

(၂.၇.၄) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၁၉၉	
ကျင်းအိမ်သာ	၆၉	ကျန်းမာရေးဗဟုသုတအားနည်း၍ ဝင်ငွေနည်း သော အိမ်ထောင်စုများ
တောထိုင်	၅၆	ကျန်းမာရေးဗဟုသုတအားနည်း၍ ဝင်ငွေနည်း သောအိမ်ထောင်စုများ
စုစုပေါင်း	**၃၂၆**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာရှိ အိမ်ထောင်စု၏ (၁၇) ရာခိုင်နှုန်းကျော်မှာ ကုန်ကျစရိတ် များပြားမှုကြောင့် မဆောက်လုပ်နိုင်ကြပဲ အခြားအိမ်သာများတွင် သွားတက်ခြင်းနှင့် တောထိုင်ခြင်းများကို ပြုလုပ်ကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျကြောင်း သုံးသပ်ဆွေးနွေးကြပါသည်။

(၂.၈) လမ်းတံတား အခြေအနေ

(၂.၈.၁) ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၂၂၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သော နှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (ကီလိုမီတာ)
				ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး	
ကျေးရွာတွင်းလမ်း	မြေသားလမ်း	ကောင်း	နှစ်(၃၀)ခန့်က		တစ်နှစ်ပတ်လုံး	၁.၆ ကီလို
ချဉ်းကပ်လမ်း	ကျောက်ခင်းလမ်း	ကောင်း	နှစ်(၃၀)ခန့်က		တစ်နှစ်ပတ်လုံး	၄ ကီလို မီတာ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

ကျောင်းနိမ့်ကျေးရွာသို့ ကျောင်းနိမ့်-မကျီးကုန်းလမ်း၊ ကျောင်းနိမ့်-နန်းတောင်လမ်း စသည်ဖြင့် လမ်း (၂) သွယ်ဖြင့် သွားလာနိုင်ပါသည်။ မကျီးကုန်း-ကျောင်းနိမ့်လမ်းမှာ နှစ်မိုင်ခွဲ ရှည်လျားပြီး (၁) မိုင်မှာ ကွန်ကရစ်ခင်းထားပြီး သုံးဖာလုံမှာ မြေသားလမ်းဖြစ်၍ ကျန်သည့်အရှည်မှာ ကျောက် ခင်းလမ်း ဖြစ်သည်။ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပြီး ပို၍ လူသွားအလာများသော လမ်းသစ် ဖြစ်သည်။

ကျောင်းနိမ့်-နန်းတောင်လမ်းမှာ လမ်းဟောင်းဖြစ်ပြီး ငါးဖာလုံခန့်မှာ မြေသားလမ်းဖြစ်၍ မိုးရာသီတွင် ရေလျှံပြီး လမ်းမကောင်းချေ။ လမ်းအလယ်တွင် ပေ(၄၀) သစ်သားတံတား တစ်ခုရှိပြီး ယင်းမှာ ယိုယွင်းယိုင်နဲ့ နေပြီဖြစ်သည်။ ပွင့်လင်းရာသီတွင် အသုံးပြုလေ့ရှိသည်။ ထို့ကြောင့် ကျောင်းနိမ့်-နန်းတောင်သို့သွားသည့် လမ်းကိုကျောက်ခင်းလမ်းအဖြစ် အဆင့်မြင့်ပေးနိုင်ပါက ပုလောသို့ သွားလာဆက်သွယ်ရာတွင်ပိုမို လျှင်မြန်လွယ်ကူ လာစေမည်ဟု သုံးသပ်ကြပါသည်။

လမ်းတံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ ပွင့်လင်းရာသီ	တစ်နှစ်လုံး
ကွန်ကရစ်တံတား (၁၂) ခု	၁၅ ပေ၊ ၁၂ ပေ	ကောင်း	၂၀၁၂		တစ်နှစ်ပတ်လုံး သုံးစွဲနိုင်
အုန်းတုံးတံတား (၂) ခု ယာယီတံတား)	၁၅ ပေ၊ ၁၀ ပေ	ဆိုး	၂၀၁၅ နွေရာသီ	တစ်နှစ်ခန့်သာ သုံးစွဲနိုင်	
ရေပြွန်(၂) ခု			အစီအစဉ်ပဲ ရှိသေး		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လမ်းနှစ်လမ်းတွင် ရေပြွန်နှစ်ခုကို တပ်ဆင်ပေးနိုင်ပါက ပိုမိုကောင်းမွန်မည်ဟု ကျေးရွာသားများမှ ဆွေးနွေးကြပါသည်။

(၂.၈.၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ် အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း ပင်လယ်ရေကြောင်း	၆ ကီလို	စက်လှေ	မိုးတွင်းကာလ	

၁- လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)မှ ရယူပါသည်။

(၂.၈.၃) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	စက်ဘီး	မော်တော် ဆိုင်ကယ်	သုံးဘီး ဆိုင်ကယ်၊ ထော်လာကျီ	ဘတ်စ်ကား	မြင်းလှည်း
အရေအတွက်	၁		၁၃၅	၁၇၂	၂	၃	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျောင်းနိမ့်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် ကားလမ်းကို တစ်နှစ်ပတ်လုံးအသုံးပြု နိုင်ပြီး ရေကြောင်းလမ်းကိုကား ကုန်ပစ္စည်းများ သယ်ယူရန်အတွက် မိုးတွင်းဘက်ကာလတွင်သာ အသုံးပြုနိုင်သည်။

(၂.၉) လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်း ရေးစနစ် (ကောင်း /သင့်/ညံ့)	အဓက်အခဲရှိ၊မရှိ
မဟာဓါတ်အားလိုင်း ဆိုလာစနစ်	၁၄	ကောင်း	မိုးတွင်းကာလနေရောင်ခြည်ရရှိမှုနည်း၍ သုံးရန် အဆင် မပြေ
အသေးစားရေအားလျှပ်စစ် ဒီဇယ်သုံးအင်ဂျင်	၂၀၅	သင့်	တစ်ဦးချင်း အိမ်သုံးရန်သာ အဆင်ပြေ
လေစွမ်းအင် ဇီဝလောင်စာ(အခြား)	၁၁၄	သင့်	ဖယောင်းတိုင်၊ဒီဇယ်ဆီ စသည်ဖြင့်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လျှပ်စစ်မီးကို ကျေးရွာတွင် ပုဂ္ဂလိက တစ်ဦးတည်းမှ ဒီဇယ်အင်ဂျင်ဖြင့် မီးပေးပါသည်။ ကျေးရွာ၏ သုံးပုံနှစ်ပုံခန့်မှာ ယင်းမီးကို သုံးစွဲကြပြီး ကျန်အိမ်ထောင်စုအချို့မှာ ငွေကြေးမတတ်နိုင်ခြင်း၊ မီးရရှိသည့် အချိန်မှာ နည်းပါးသည်ဟု ခံစားရခြင်း၊ မီးအားမနိုင်ခြင်းတို့ကြောင့် သုံးစွဲမှုမပြုကြပေ။ ထိုသူများအနေဖြင့် ဖယောင်းတိုင်နှင့် အခြားလောင်စာဆီများကိုသုံးစွဲကြပါသည်။ ကျေးရွာအနေဖြင့်ပုလောမြို့မှ လျှပ်စစ်သွယ်တန်းရန် ဆန္ဒရှိကြပြီး ခွင့်ပြုချက်ရရန် နိုင်ငံတော်မှ တာဝန်ရှိသူ (လွတ်တော်အမတ်) ကိုတင်ပြထားပါသည်။

(၂.၁၀) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာ နှင့်ဝဗ်ဂျာနယ်	အခြား
အရေအတွက်	၇၅	၃၃	၇၉	မရှိ	မရှိ	မရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

သတင်းအချက်အလက်များကို အများဆုံးအားဖြင့် တယ်လီဖုန်းဖြင့် ဆက်သွယ်မှုပြုကြသည်။ ထိုင်းသို့ သွားရောက် အလုပ်လုပ်ကိုင်သူများနှင့် တစ်ခြားဒေသသို့ သွားရောက်လုပ်ကိုင်သူများနှင့် ဆက်သွယ်ရန် ကြိုးဖုန်းများကို အသုံးပြုကြသည်။ အင်တာနက်သုံးစွဲရန်ကိုမူ ပုလောမြို့သို့ သွား ရောက်ပြီး အသုံးပြုရသည်။ အခြားနည်းလမ်းများမှာ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့ကို လက်လှမ်းမီကြပါသည်။

(၂.၁၁) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	မရှိ	ဗွီဒီယိုရုံ
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများ ပေးခြင်း
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ဘာသာရေးပွဲများတွင်ဝန်ဆောင်မှုများပေးခြင်း

အားကစားပစ္စည်းများအား လက်လှမ်းမီမှု	မရှိ	ကျေးရွာ အားကစားကွင်း မရှိခြင်းကြောင့် အားကစား ပြိုင်ပွဲများလည်း လုပ်လေ့လုပ်ထ မရှိပါ။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	အားနည်း	လူကြီးများ စေခိုင်းသည့်အတိုင်း ဝေယျာဝစ္စ များသာ လုပ်ဆောင်ကြခြင်း။
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	ဝါဝင်နှင့် ဝါထွက်ကာလများတွင် လူကြီး သူမ များအား ရှိခိုးကန်တော့ကြခြင်း၊ ခေါသရ (ဆွမ်းအစိုနှင့် အခြောက်လောင်းလှူ လှူဒါန်း ပွဲတော်ကိုနှစ်စဉ်ကျင်းပခြင်း။
စာကြည့်တိုက်၊အင်တာနက် စသည်များအား လက်လှမ်းမီမှု	မရှိ	အင်တာနက်၊ ဂျာနယ်ကို လက်လှမ်းမမီပါ ။ ယခင်က ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် စာအုပ်များ ထားပေးခဲ့သော်လည်း လာရောက် ဌားရမ်းဖတ်ရှုသူမှာ မရှိသလောက် ပင်ဖြစ် သည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် အရံမီးသတ်တပ်ဖွဲ့၊ လူပျို-အပျိုအဖွဲ့နှင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြသည်။ လူငယ်များအနေဖြင့် ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်း တို့ကို ကျေးရွာလူကြီးများ ၏ စေခိုင်းမှုအတိုင်း ဆောင်ရွက်ကြသည်။ အဖွဲ့အစည်းအသီးသီးတွင် ခေါင်းဆောင်မှုပိုင်းမှာ လူကြီးများသာဖြစ်သည်။ ကျေးရွာရှိလူငယ်များမှာ စာတတ်မြောက်မှု အားနည်းကြသဖြင့် မိမိကိုယ်မိမိ ဦးဆောင်ဦးရွက် ဆွေးနွေးနိုင်သူများဟု ယုံကြည်မှုမရှိကြပါ။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်း နည်းပါးပါသည်။ ကျေးရွာရှိ လူငယ်များ၏ အနာဂတ်တွင် လိုချင်သည့် အနေအထားမှာ အရည်အသွေးပြည့်ဝသည့် လူငယ်ခေါင်းဆောင်များ ထွက်ပေါ်လာစေရန်နှင့် လူငယ်များအတွက် အားကစားပစ္စည်းများနှင့် အားကစားရုံများ ပံ့ပိုး ဖြည့်ဆည်းမှုများ လိုအပ်နေကြောင်း ဆွေးနွေးကြ ပါသည်။

(၂.၁၂) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေးအခြေအနေ

(၂.၁၂.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများအား လက်လှမ်းမီမှု	မရှိ	ဆက်သွယ်ရေး network၊ အများသုံး တယ်လီဖုန်း
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	မရှိ	ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည်
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်	မရှိ	ကြိုတင်သတိပေးစနစ်၊ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲ ရေး ကော်မတီ၊
ရဲစခန်းများအား လက်လှမ်းမီမှု	မရှိ	သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များ၊ ရဲစခန်းမှ လုံခြုံရေး အကူအညီများ ရရှိမှု

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင် ရေကြီးခြင်းနှင့်မြေပြိုခြင်းတို့မှာ နှစ်စဉ်နှစ်တိုင်း ဖြစ်လေ့ရှိသည်။ ထိုအတွက် မြေပြိုခြင်းကို တားဆီးရန် တောင်စောင်းနံရံများကို လှေကားထစ်သဖွယ် အနည်းငယ် ထစ်ထားခြင်းမှလွဲ၍ အခြားကြိုတင်သတိပေးစနစ်များ၊ အရေးပေါ်အစီအစဉ်များ ဆောင်ရွက်ထားရှိခြင်း မရှိပေ။ ထိုတောင်စောင်းဘေးမှ အိမ်များမှာ အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။

(၂.၁၂.၂) မူခင်းဖြစ်ပွားမှု

ဇယား (၄၂) မူခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	၂	၂	၂	၂

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၅-၁၇ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၁။ စိုးရိမ် ၂။ သာမာန်

ကျေးရွာတွင်းရံဖန်ရံခါ ရန်ဖြစ်သည်မှလွဲ၍ အခြားမူခင်းကြီးများ မရှိပေ။ ကျေးရွာ ရပ်မိ၊ရပ်ဖများနှင့် အုပ်ချုပ် ရေးပိုင်းမှလည်း ရမ်းကားမှုများ၊ မလိုလားအပ်သောပြဿနာများ မဖြစ်စေရန်လိုင်စင် မရှိသော အရက်ဆိုင်များပိတ်စေခြင်းအား ဖြင့်လျော့ချသည့်အစီအစဉ်များကိုပြုလုပ်ခဲ့သည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
လူသား အရင်းအမြစ် • အလုပ်လုပ်ကိုင်နိုင်သော လူဦးရေများပြားခြင်း။ • လူကြီး၊လူငယ်များ စုပေါင်းလက်တွဲ ဆောင်ရွက် လေ့ရှိခြင်း။	• ကျောင်းနိမ့်ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာကျား (၄၅၈) ဦး နှင့်မ (၄၉၀) ဦး၊ စုစုပေါင်း (၉၄၈) ဦး ဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၅၇)% ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက်သင်ကြားနေသူ (၄၅) ဦး၊ တက္ကသိုလ်တက်ရောက်နေသူ (၁၈) ဦး၊ တက္ကသိုလ်ဘွဲ့ရ (၁၁) ဦး ရှိသောကြောင့်အနာဂတ်ကာလတွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များရှိနေပါသည်။ • လူငယ်များအား ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာသင်တန်းများ ထိရောက်စွာ ပံ့ပိုးမှုပေးနိုင်ပါက ကျေးရွာ၏လူ့အရင်းအမြစ် တိုးတက်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများ ရှိနေပါသည်။ ထို့အပြင် ကျေးရွာ၏အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင်ဖြစ်သည်။
သီးနှံ ထုတ်လုပ်ရေး • ပုလောချောင်းအား ပြန်လည်တူးဖော်နေခြင်း • ဈေးကွက်အလားအလာ ရှိခြင်း	• မိုးရာသီတွင် ပုလောချောင်း ရေလျှံမှုကြောင့် လယ်မြေများရေနစ် မြုပ်သည့် အခြေအနေများနှင့် ရင်ဆိုင်နေရသဖြင့် ဆည်မြောင်း ဦးစီးဌာနမှ ၎င်းပုလောချောင်းအား ပြန်လည် တူးဖော်ပေးနေခြင်းကလည်း လာမည့်နှစ်များတွင် လယ်မြေများရေကြီး နစ်မြုပ်မှုမှ သက်သာသွားပြီး မိုးစပါး စိုက်ဧက တိုးတက်လာမည့် အခွင့်အလမ်းများရှိနေပါသည်။ ကျောင်းနိမ့်ကျေးရွာသည် ပုလောမြို့နှင့်နီးခြင်း၊ ရန်ကုန်-ကော့သောင်းကားလမ်းမနှင့်ဆက်သွယ်ရေး လွယ်ကူခြင်းစသည့် အားသာချက်များကြောင့် ပုလော၊ မြိတ်၊ စသည့် ဈေးကွက်များကို ချိန်ဆကာ လိုအပ်ချက်ရှိနေသည့် ဟင်းသီးဟင်းရွက်၊ ပန်းမန်များကို စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ဝင်ငွေတိုးပွားစေမည် ဖြစ်ပါ သည်။
တိရစ္ဆာန် မွေးမြူရေး • မြေနေရာ အခက်အခဲ မရှိခြင်း • ဝက်ဈေးကွက်ကောင်းခြင်း	• မွေးမြူရန် မြေနေရာ အခက်အခဲ မရှိခြင်း၊ အစားအစာများ အလွယ်တကူ ရရှိနိုင်ခြင်း၊ဝက်ဈေးကွက်ကောင်းခြင်း(မြိတ်၊ ပုလောမှလာဝယ်ခြင်း)၊ မွေးမြူရေးသုံးပစ္စည်း၊ ထွက်ကုန်များ သယ်ယူရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း စသည်တို့ကြောင့် ဝက်မွေးမြူရေးသည် ဆင်းရဲသော အိမ်ထောင်စုများအတွက် အသင့်တော်ဆုံး ဖြစ်နေပါသည်။ ဒေသကြက်ကိုသာ တစ်ပိုင်တစ်နိုင် မွေးမြူကြသောကြောင့် ဥစားကြက်၊ အသားတိုးကြက် မွေးမြူနည်းနှင့် ရောဂါကာကွယ်ခြင်း နည်းလမ်းများကို သိရှိပါက စီးပွားဖြစ်မွေးမြူနိုင်မည့် အလားအလာကောင်းများ ရှိနေပါသည်။
စိုက်ပျိုး မွေးမြူရေး မဟုတ် သော အခြားဝင်ငွေရ လုပ်ငန်း များ • တောထွက်ပစ္စည်းများမှ ဝင်ငွေရ အလုပ်အကိုင်များ ရှိခြင်း။ • ကုန်ချောထုတ်လုပ်နိုင်မည့် ကုန်ကြမ်းများရှိနေခြင်း။	• ပုလောဈေးကွက်နှင့် (၃) မိုင်သာ ကွာဝေးသဖြင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ကြသောမိသားစုများ အတွက်လည်း လွယ်ကူစွာ ကုန်စည်ရောင်းဝယ်နိုင်သည်။ ကျေးရွာအတွင်းတွင် ကုန်ချောထုတ်လုပ်နိုင်သော ကုန်ကြမ်းပစ္စည်းများ ပေါများစွာ ထွက်ရှိနေခြင်းကလည်း ကုန်ချောထုတ်လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး အိမ်နီးချင်းနိုင်ငံများတွင် သွားရောက် လုပ်ကိုင်ခြင်းမျိုး မဟုတ်ပဲ မိမိတို့ဒေသ တွင်းပင် လုပ်ကိုင်လိုစိတ် ရှိကြသည့် လူငယ်များရှိနေခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားတစ်ခုပင် ဖြစ်သည်။
ငွေကြေးဝန်ဆောင်မှု • စုငွေ/ချေးငွေ အစီအစဉ်ရှိခြင်း • အစိုးရ ချေးငွေ အမျိုးအစား (၂)	• ကျောင်းနိမ့်ကျေးရွာ၏ထူးခြားချက်တစ်ခုမှာစိုက်ပျိုးထုတ်လုပ်သူ၊ မွေးမြူရေးလုပ်ကိုင်သူ၊ အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စုများအတွက် ကျေးရွာအတွင်းတွင် ဘုန်းတော်ကြီးကျောင်း(၂)ကျောင်းရှိဂေါပကအဖွဲ့မှ ဦးစီး

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
ခု အားရယူနိုင်ခြင်း။	ပြီး အဖွဲ့အလိုက် စုငွေ/ချေးငွေ အစီ အစဉ်ဖြင့် ကျေးရွာသူ၊ ရွာသားများ၏ ရံပုံငွေကို လည်ပတ် ထုတ် ချေးသည့်စနစ်ကို လုပ်ဆောင်နေပါသည်။ ထို့အပြင် စပါးသီးနှံအတွက် ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် တစ်သိန်းနှုန်းဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် (၆) လတစ်ခါ ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် စိုက်ပျိုးထုတ်လုပ်သူများ သမဝါယမအသင်းဖွဲ့ထား ပြီး အသင်းဝင်လယ်သမားများသာ ထုတ်ချေးခွင့်ရရှိပါသည်။ ကျေးရွာတွင် မိမိတို့ စိတ်ပါဝင်စားသူအစုများစုဖွဲ့၍ မြို့နယ်သမဝါယမအသင်းနှင့် ချိတ်ဆက်ကာ ချေးငွေ ရယူနိုင်မည့် နည်းလမ်းများ ရှိပါသည်။
ပညာရေး • ကျေးရွာ၌ တွဲဖက်အလယ်တန်းကျောင်း ရှိခြင်း • ပညာရေး ရန်ပုံငွေ ရှိခြင်း	• ကျောင်းနိမ့်ကျေးရွာတွင် တွဲဖက်အလယ်တန်းကျောင်းရှိခြင်းကြောင့် အလယ်တန်းအဆင့် တတ်မြောက်သူဦးရေ များပြားလာခြင်း၊ ပညာရေး ရန်ပုံငွေဖြင့် အတန်းအလိုက် ထူးချွန်ကျောင်းသားများ၊ (၁၀) တန်းအောင်မြင်သူများ၊ ဂုဏ်ထူးရသူများဆုချီးမြှင့်ခြင်းနှင့် စီးပွားရေး အဆင်မပြေသော မိသားစုများမှ ကျောင်းသားများကို ထောက်ပံ့ပေးခြင်းများကလည်း ကျေးရွာ၏ပညာရေး ကဏ္ဍာ တိုးတက်လာစေရေးအတွက် အလားအလာကောင်းများဟု ဆိုနိုင်ပေသည်။
ကျန်းမာရေး • ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်များ ရှိခြင်း	• ကျေးရွာအတွင်းတွင်ပင် ကျန်းမာရေးကြီးကြပ် (၂) တစ်ဦးနှင့် အရံသားဖွား ဆရာမတစ်ဦးတို့ရှိနေပြီး လစဉ် (၅) နှစ်အောက် ကလေးနှင့် ကိုယ်ဝန်ဆောင် မိခင်များ၏ အခြေအနေစစ်ဆေးပေးခြင်းတို့ကိုပြုလုပ်ဆောင်ရွက်ပေးပါသည်။ မီးဖွားခြင်းနှင့် တခြားအရေးပေါ် ကိစ္စများကို များသောအားဖြင့် ပုလောမြို့သို့ သွားရောက် ကုသကြပါသည်။ ထို့ကြောင့် ကျေးရွာ၏ ကျန်းမာရေးကဏ္ဍာတွင် ဆေးပေးခန်း၊ ဆေးရုံများသို့ ဆက်သွယ်ဆောင်ရွက်မှုလွယ်ကူ အဆင်ပြေမှုရှိသည်ဟု ဆိုနိုင်ပါသည်။
ရေ အရင်းအမြစ် • သောက်သုံးရေ ဖူလုံမှု ရှိခြင်း	• ကျောင်းနိမ့်ကျေးရွာတွင် သောက်သုံးရေကို ကျေးရွာရှိ စိမ့်စမ်း ရေနှင့် ရေတွင်းများမှရရှိပြီးတစ်နှစ်ပတ်လုံး လုံလောက်ပါသည်။ ကျေးရွာတွဲဖက်အလယ်တန်းကျောင်းရှိ ကျောင်းသားများအတွက် သောက်သုံးရေကို စိမ့်စမ်းရေအားပိုက်ဖြင့် သွယ်တန်းခြင်းဖြင့် ကျောင်းဖွင့်သည့် ကာလတစ်လျောက်လုံး လုံလောက်မှုရှိပါသည်။ ကျေးရွာရှိ အိမ်တိုင်း သို့ ရေပိုက်လိုင်း သွယ်တန်းပြီး စီစဉ်ဆောင်ရွက်နိုင်ပါက ပိုမိုကောင်း မွန်မည့် အကြောင်း သုံးသပ်ဆွေးနွေး ကြပါသည်။
လမ်း၊ တံတား • ကျေးရွာချင်းဆက်လမ်း ကောင်းမွန်ခြင်း	• ကျောင်းနိမ့်ကျေးရွာသို့ ကျောင်းနိမ့်-မကျီးကုန်းလမ်း၊ ကျောင်းနိမ့်-နန်းတောင်လမ်းစသည်ဖြင့် လမ်း(၂)သွယ်ဖြင့် သွားလာနိုင်ပါသည်။ မကျီးကုန်း-ကျောင်းနိမ့်လမ်းမှာ နှစ်မိုင်ခွဲ ရှည်လျားပြီး (၁) မိုင်သာ ကွန်ကရစ်ခင်းထားပြီး ကျန်သောလမ်းအရှည်ကို ဆက်လက်ပြီး လုပ်ဆောင်ခြင်း၊ ငါးဖာလုံ ခန့်ရှိသည့် ကျောင်းနိမ့်-နန်းတောင် မြေသားလမ်းကို အဆင့်မြင့် တင်ပေးခြင်း စသည်ဖြင့် ပြုလုပ် ပေးနိုင်ပါ က ကျေးရွာရှိလူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ကိစ္စရပ်များအတွက် အစစ အဆင်ပြေ ချောမွေ့လာမည့် အခွင့်အလမ်းကောင်းများ ရှိနေပါသည်။
လူငယ် နှင့် ယဉ်ကျေးမှု • လူငယ်များ သည် လူငယ်အသင်းအဖွဲ့ အနေဖြင့် လူကြီးများ၏ဦးဆောင်မှုအောက် တွင် လုပ်ကိုင် ဆောင်ရွက် တတ်ခြင်း။ • မိသားစုကျေးရွာဖြစ်၍ မှုခင်းကြီးကြီး မားမားမရှိခြင်း။	• ကျေးရွာတွင် လူငယ်များအနေဖြင့် အရံမီးသတ်တပ်ဖွဲ့၊ လူပျိုု-အပျိုု အဖွဲ့နှင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှု ရှိကြပြီး ကျေးရွာ လူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ အစဉ်အဆက် ထိန်သိမ်းခဲ့သော ကျေးရွာဓလေ့အတိုင်း ခေါသရပွဲ (ဆွမ်းစို၊ဆွမ်းခြောက်) ကပ်လှူခြင်းနှင့် ဝါဝင်၊ ဝါထွက် လူကြီးသူမ များကို ကန်တော့ခြင်းတို့ကလည်း ကျေးရွာလူငယ်များအတွက် ဂုဏ်ယူဖွယ် ရာပင် ဖြစ်သည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်း ကြသူများဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်း တစ်ရပ်လည်းဖြစ်သည်။

ဇယား (၄၄) ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်များ
အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး • အဖွဲ့အစည်းဆိုင်ရာ သဘောတရားများကို နားလည်မှု အားနည်းခြင်း။ • စွမ်းရည်မြှင့် ဝန်ဆောင်မှု အဖွဲ့များနှင့်အလှမ်းဝေးခြင်း။	• ကျောင်းနိမ့်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှုရှိပါသည်။ ကျေးရွာလူထုအနေဖြင့်မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်းစသည်တို့ ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင်စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။
သီးနှံ ထုတ်လုပ်ရေး • ရာဘာစျေးနှုန်း ကျဆင်းခြင်း • အပင်မျိုးစိတ်များ ပျောက်ဆုံးလာခြင်း	• ကျေးရွာတွင် မြေယာတိုးချဲ့စိုက်ပျိုးရန် မြေယာဖော်ထုတ်မည့် နေရာများမရှိသောကြောင့် ဆင်းရဲသားမိသားစုများအတွက် စိုက်ပျိုးထုတ်လုပ်ခြင်းမှ ဝင်ငွေရရှိမည့် အခွင့်အလမ်း နည်းပါးသွားပြီဖြစ်ပါသည်။ (၂၀၁၂)မှ စတင်၍ ဈေးနှုန်းများကျဆင်းလာခြင်းကြောင့်ရာဘာစိုက်ပျိုးထုတ်လုပ်သော တောင်သူများသည် အကျိုးအမြတ်များ မရရှိတော့သဖြင့် ထုတ်လုပ်ခြင်းကို ခေတ္တရပ်နားနေပါသည်။ ထို့ကြောင့် ရာဘာစိုက်ပျိုးထုတ်လုပ်သူများနှင့် ၎င်းလုပ်ငန်းကို မှီခိုနေသော ကျပန်း မိသားစုများအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများ ထိခိုက်ခဲ့ရပါသည်။ • ကျောင်းနိမ့်ကျေးရွာ ပတ်ဝန်းကျင်ရှိ တောင်ကုန်းများကို ခုတ်ထွင် ရှင်းလင်း၍ ရာဘာစိုက်ပျိုးခြင်းကြောင့် မြေဆီလွှာများ မျောပါဆုံးရှုံးခြင်း၊ လယ်မြေများတွင် သဘာဝမြေဩဇာ ပြန်လည်ထည့်သွင်းခြင်း မရှိခြင်း စသည်တို့ကြောင့် စိုက်ပျိုးမြေများတွင် မြေဆီဩဇာကြွယ်ဝမှုမှာ အသင့်အတင့်သာရှိပါသည်။ အထွက်ကောင်း စပါးမျိုးများကို စိုက်ပျိုးလာခြင်းကြောင့် ဓာတုမြေဩဇာသုံးစွဲမှု မြင့်မားလာသည့်အတွက် နောင်တစ်ချိန်တွင် မြေဆီလွှာ ပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ရှိပါသည်။ တောတောင်များ ရှင်းလင်း၍ ရာဘာပင် များ နေရာလပ်မကျန် စိုက်ပျိုးလာခြင်းကြောင့် အပင်မျိုးစိတ်များ ပျောက်ဆုံးလာခြင်းနှင့် တိရစ္ဆာန်မျိုးကွဲများ ရှင်သန်ရန်နေရာရှားပါးလာခြင်း စသည်ဖြင့် အရင်းအမြစ်များ၏ ထိခိုက်မှု မြင့်မားလာနေပါသည်။
တိရစ္ဆာန် မွေးမြူရေး • မွေးမြူရေးစျေးကွက်သဘောတရားများအား နားလည်မှု အားနည်းခြင်း။	• ၂၀၁၄ ခုနှစ်တွင် ဝက်နာရောဂါ ဖြစ်ပွားမှုကြောင့် ဝက်များအသေအပျောက်များပြားခဲ့ပါသည်။ရောဂါဖြစ်ပွားမှုကိုအချိန်မှီ မကာကွယ်နိုင်ခြင်း၊ မထိန်းချုပ်နိုင်ခြင်း၊ မွေးမြူရေးနည်းပညာဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း၊ အဆင့်မြင့် မွေးမြူရေး နည်းစနစ်များ အားနည်းခြင်းတို့ကလည်း မွေးမြူရေး လုပ်ကိုင်သူများ အတွက် အဟန့်အတားတစ်ရပ်ဖြစ်သည်။
စိုက်ပျိုး မွေးမြူရေး မဟုတ် သော အခြားဝင်ငွေရ လုပ်ငန်း များ • အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊ • ရင်းနှီးငွေမရှိခြင်း။	• စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအတွက် နီးစပ်ရာ ကျေးရွာများ၊ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ရခြင်း၊ ကုန်ကြမ်းမှကုန်ချောထုတ်လုပ်ရန် နည်းပညာများမသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ ကလည်း လိုအပ်ချက်များရှိနေဆဲ ဖြစ်သည်။
ချေးငွေ ဝန်ဆောင်မှု • လက်ရှိရယူနေသော ချေးငွေများသည် ကာလတို ချေးငွေများဖြစ်၍ အကျိုးအမြတ် နည်းပါးခြင်း	• ကျေးရွာအတွင်းတွင် အဖွဲ့အလိုက် စုငွေ/ချေးငွေ၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ၊ မြို့နယ်သမဝါယမဦးစီးဌာန ချေးငွေစသည့် အစီအစဉ်များ ရှိနေသော်လည်း တင်းကျပ်သော စည်းကမ်း သတ်မှတ်ချက်များနှင့် လိုအပ်သည့် အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များ ရှိနေဆဲဖြစ်သောကြောင့် ကာလရှည်ချေးငွေ အကူအညီပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများလိုအပ်နေဆဲ ဖြစ်ပါသည်။

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်များ
ကျန်းမာရေး • ဆင်းရဲနွမ်းပါးသူများမှ တာရှည်ခံ ယင်လုံအိမ်သာများ သုံးစွဲနိုင်မှုမရှိခြင်း။	• ကျောင်းနိမ့်ကျေးရွာတွင် ကျန်းမာရေး ကြီးကြပ် (၂) တစ်ဦး နှင့် အရံသားဖွား ဆရာမတစ်ဦးတို့ ရှိသော်လည်းရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ နှင့် ရောဂါလက္ခဏာများကို ကွဲပြားစွာ သိရှိနိုင်သည့် ဗဟုသုတများ အားနည်း ခြင်း၊ ကျေးရွာရှိ အိမ်ထောင်စု ၏ (၃၈) ရာခိုင်နှုန်းကျော်မှာ ကျန်းမာရေး ဗဟုသုတအားနည်း၍ ဝင်ငွေနည်းသောကြောင့် ယင်လုံအိမ်သာများ မဆောက် လုပ်နိုင်ကြပဲ ကျင်းအိမ်သာနှင့် တောထိုင်ခြင်းများကလည်း ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်ရေးတွင် အဟန့်အတားဖြစ်စေနိုင်ပါသည်။
လူငယ် နှင့် ယဉ်ကျေးမှု • ကျေးရွာဓလေ့အရ လူငယ် များသည် ဦးဆောင်မှု နေရာများသို့ အလွယ်တကူ မရောက်ရှိနိုင်ခြင်း။	• လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့် စာတတ်မြောက်မှု အားနည်းကြပါသည်။ ကျေးရွာ၏ ဓလေ့မှာဘွဲ့ရပြီးသူနှင့် လူကြီးများသာ ခေါင်းဆောင် တင်မြှောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်း ဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှု ရှိသော်လည်း လူငယ်များမှာ နောက်ကျန် နေကြရသည်။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ ဗဟုသုတရ ယူရန် အခွင့်အလမ်း နည်းပါးပါသည်။ အင်တာနက်၊ သတင်း၊ ဂျာနယ်များကို လက်လှမ်းမမီခြင်း၊ ရုပ်မြင်သံကြား ရှိသော်လည်း မီးမရရှိခြင်း၊ စာကြည့်တိုက် မရှိခြင်းတို့ကလူငယ်များ၏ သင်ယူလေ့လာခွင့်များကိုဟန့်တားထားပါသည်။
သဘာဝ ဘေးအန္တရာယ် • အရေးပေါ်အစီအစဉ်များ ဆောင်ရွက်ထားမှု မရှိခြင်း	• ကျေးရွာတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့မှာ နှစ်စဉ်နှစ်တိုင်းဖြစ် လေ့ရှိ သည်။ ထိုအတွက် မြေပြိုခြင်းကို တားဆီးရန်တောင် စောင်းနံရံများကို လှေကားထစ်သဖွယ် အနည်းငယ် ထစ်ထားခြင်းမှလွဲ၍ အခြားကြိုတင် သတိ ပေးစနစ်များ၊ အရေးပေါ်အစီအစဉ်များ ဆောင်ရွက်ထားရှိခြင်းမရှိပေ။ ထို တောင်စောင်းဘေးမှအိမ်များမှာအသက် အန္တရာယ်နှင့်ရင်ဆိုင် နေရပါသည်။

ကျောင်းနိမ့်ကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့်ဖြေရှင်းနည်းဆီသို့

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်
ကဏ္ဍ - အဖွဲ့အစည်း						
၁။	• အဖွဲ့အစည်းများ ဆောင်ရွက်မှုအား နည်းခြင်း • မိမိအဖွဲ့လိုက်ဆောင်ရွက် နေကြခြင်း	• ကျေးရွာအတွင်းအဖွဲ့ အစည်းအချင်းချင်းပူပေါင်း ဆောင်ရွက်နိုင်ရန် ဦးဆောင်ပေးမည့်အဖွဲ့မရှိခြင်း • အဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းများအား လိုက်နာမှု အားနည်းခြင်း • ကျေးရွာအတွင်းအပိုင်း (အုပ်စု) ၂ ပိုင်းကွဲနေကြခြင်း	• ကျေးလက်ဦး/စီး ကဲ့သို့ ကျေးရွာ ဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်နေ သော ဌာနများရှိနေခြင်း	• အဖွဲ့အစည်းဆိုင်ရာစွမ်း ရည်မြှင့်ဝန်ဆောင်မှု အဖွဲ့ များနှင့် အလှမ်းဝေးခြင်း • သင်တန်းတက်ရောက်ရန် အတွက် အားမထည့်နိုင်ခြင်း	• ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း • အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း • ခေါင်းဆောင်မှုနှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး သင်တန်းများ	၁။ အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင် ပေးရေး။
ကဏ္ဍ - စိုက်ပျိုးရေး						
၂။	• စပါးအထွက်နှုန်း နည်းခြင်း	• ချောင်းမြောင်းများ ကောလာခြင်း၊ • မျိုးကောင်းမျိုးသန့် များ ပြောင်းလဲသုံးစွဲမှု မရှိခြင်း • နည်းပညာ ဗဟုသုတ အားနည်းခြင်း • လယ်မြေများ ရေကြီး နစ်မြုပ်ခြင်း	• ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက် ပေးနေခြင်း • မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပေး သင်တန်းများ ပို့ချ နေခြင်း	• လယ်သမားများပူးပေါင်း ဆောင်ရွက်မှုအားနည်း နိုင်ခြင်း • တောင်သူများတက်ကြွစွာ ဆွေးနွေး၍ ပြန်လည် ကျင့်သုံးနိုင်မှု ခက်ခဲခြင်း၊	• ပုလောချောင်းအားတူးဖော်ခြင်း • မျိုးကောင်းမျိုးသန့်ထုတ် လုပ်ရေးနည်းပညာသင်တန်း • စပါးအထွက်တိုးနည်းပညာ သင်တန်း (ပိုးမွှား နှင့် ရောဂါ) • စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှု ရရှိရန် • အစိုးရဌာနသို့တင်ပြခြင်း	၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများတိုးတက်ရေး
၃။	• ရာဘာဈေးနှုန်းနည်း ခြင်း နှင့် တွက်ခြေ မကိုက်ခြင်း	• ကုန်သည် ပေးသည့် ဈေးနှုန်းသာရခြင်း	• စက်မှုသီးနှံဦးစီးဌာနမှ ရာဘာစိုက်ပျိုးသည့်	• ရာဘာဈေးနှုန်ပြန်လည်မြင့်တက် လာမှသာ တောင်သူ များ	• ဈေးကွက်နှင့်ပက်သက် သော အချက်အလက်များ ဖြန့်ဝေ	၃။ ရာဘာခြံလုပ်ငန်းမှ အကျိုးအမြတ် ပိုမိုရရှိရေး

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်
		• လုပ်သားရှားပါးလာခြင်း ကြောင့် ဈေးနှုန်း မြှင့်၍ ငှားရမ်းရခြင်း။ • နည်းပညာ ထောက်ပံ့မှု အပြည့်အဝ မရရှိခြင်း	နည်းပညာများဖြန့်ဝေ ပေးနေခြင်း၊ • မြို့နယ်ရာဘာစိုက်ပျိုးထုတ် လုပ်သူများအသင်းသည် ပုလောမြို့နယ် တွင်ဖွဲ့စည်း ထားခြင်း။	စိတ်ပါဝင်စားမှုမြင့် တက်လာနိုင်ခြင်း။	ပေးနိုင်မည့် နည်းပညာပေး အဖွဲ့များနှင့်ချိတ်ဆက်ခြင်း။ • လိုအပ်သော နည်းပညာ များအတွက် သင်တန်းများ ပြုလုပ်ခြင်း။ • ဈေးကွက်နှင့် သတင်း ချိတ်ဆက်လုပ်ဆောင်မှု ပြုလုပ်ခြင်း	
ကဏ္ဍ - မွေးမြူရေး						
၄။	• တိရစ္ဆာန် မွေးမြူရေးမှ အကျိုးအမြတ် နည်းပါးခြင်း	• အိမ်မွေးတိရစ္ဆာန်များ တွင်ကျရောက်တတ်သော ရောဂါများကို ကြိုတင် ကာကွယ် ကုသရန် အသိ ပညာ ဗဟုသုတ နည်းပါး ခြင်း။ • နည်းပညာ ထောက်ပံ့မှု အပြည့်အဝ မရရှိခြင်း • ကူးစက်ရောဂါများ ဖြစ်ပွားတတ်ခြင်း • မွေးမြူရေး သင်တန်း တက်ရောက်ရန် အတွက် အားမထည့်နိုင်ခြင်း	• မွေးမြူရေး အတွက်နေရာ လုံလောက်မှု ရှိခြင်း • မွေးမြူရေးသုံး ပစ္စည်း၊ ထွက်ကုန်များ သယ်ယူရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် ခြင်း။ • ဂက်ဈေးကွက် ကောင်းခြင်း။ • မြိတ်ဈေးကွက် ရှိခြင်း။ • မွေးကု ဉီးစီးဌာနနှင့် ချိတ်ဆက်မှု ရှိခြင်း	• အဆင့်မြင့်မွေးမြူရေး နည်းစနစ်အားနည်း ခြင်း။ • မွေးမြူရေးနည်းပညာဝန် ဆောင်မှု အကန့်အသတ် ရှိခြင်း။ • မွေးမြူရေးလုပ်ကိုင်သူများ၏ ပုံမှန် ကာကွယ်ဆေး ထိုးမှု မရှိသောစွန့်စားမှု များခြင်း • ကူးစက်ရောဂါများ အမြစ်ပြတ် လုပ်ဆောင်မှု ကင်းမဲ့ခြင်း	• နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ ပံ့ပိုးပေးခြင်း ဖြင့် မွေးမြူရေးထွက်ကုန် မြင့်မားစေခြင်း။ • မြို့နယ်မွေးကုဌာန နှင့် ချိတ်ဆက်ခြင်း • မွေးမြူရေး ထုတ်လုပ်ရေး အတွက် ဈေးကွက်ချဲ့ထွင်မှု ရရှိရန် လုပ်ဆောင်ခြင်း	၄။ အသေးစားနှင့် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများတိုး တက်လုပ်ကိုင်လာ ရန်အခြေအနေ ကောင်းများဖန် တီးရန်
ကဏ္ဍ - စိုက်ပျိုး၊မွေးမြူရေး မဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ						
၅။	• လူငယ်များအခြားနေ ရာဒေသများသို့ရွှေ့ ပြောင်းလုပ်ကိုင်မှု များခြင်း • ကျပန်းလုပ်သား များ အလုပ်အကိုင် အခွင့် အလမ်းနည်းပါး ခြင်း	• ဒေသတွင်းတစ်နှစ်ပတ် လုံးလုပ်ငန်းလုပ်ကိုင်နိုင်သည့် အခွင့်အလမ်းမရှိ ခြင်း • နည်းပညာကျွမ်းကျင်မှု မရှိခြင်း • ဒေသထွက်အရင်းအမြစ် များ	• အလုပ်လုပ်နိုင်သော လူဦးရေ များပြားစွာ ရှိနေခြင်း • ကျေးရွာအတွင်းရှိ လူငယ်များသည် မိမိတို့ ဒေသတွင်းပင်လုပ်ကိုင်လို စိတ်ရှိကြ သည်။	• အသက်မွေးဝမ်းကြောင်း သင်တန်းများနှင့် ချိတ် ဆက်ရန် အားနည်းခြင်း • ကုန်ကြမ်းမှကုန်ချောထုတ်လုပ်ရန် နည်းပညာမရှိခြင်း။ • ဈေးကွက် ချိတ်ဆက်မှု	• စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ရန် ရင်းနှီး မြုပ်နှံသူများနှင့် ဆက် သွယ်ခြင်း • အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်း ပေးခြင်း၊ • အသေးစားကုန် ထုတ်	၅။ အလုပ်အကိုင် အခွင့်အလမ်း များ ပြားလာစေရေး

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်
		နည်းပါးခြင်း • စွန့်စားတီးထွင်၍လုပ်ကိုင်မည့်သူမရှိခြင်း • ကုန်ကြမ်းမှကုန်ချော ထုတ်လုပ်နိုင်သည့်နည်းပညာမရှိခြင်း	• ကျေးရွာအတွင်းတွင် ကုန်ချော ထုတ်လုပ်နိုင် သော ကုန်ကြမ်းပစ္စည်း များရှိနေသည် • ကျေးရွာအတွင်းတွင်ပင်ကျေးရွာလူထု၏အင် အားဖြင့် လည်ပတ်ရုံပုံ ငွေရှိသည်။	အားနည်းခြင်း • ကိုးကွယ်သည့်အခြေအနေအပေါ် တွင်မူတည်ပြီးကျေး ရွာအတွင်း လည်ပတ်ရုံပုံ သုံးစွဲမှုကို သတ်မှတ်ခြင်း ကြောင့် လက်လှမ်းမီမှု မညီ မျှပေ။	လုပ်သူများအဖွဲ့ဖွဲ့စည်းရေးနှင့်အကောင် အထည်ဖော် ရေး။ • ကုန်ချောထုတ်လုပ် ခြင်း နည်းပညာတိုးတက် ဖွံ့ဖြိုး ရေး • ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်း နှင့် လုပ်ငန်း အကောင် အထည် ဖော်ခြင်း • အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာစေရန် လုပ်ငန်းရှင်များနှင့် ဆက် သွယ်ခြင်း	
ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း						
၆။	• မွေးမြူရေး လုပ်ငန်း လုပ်ကိုင်ရန် ရင်းနှီး မတည်ငွေမရှိခြင်း (အဆင့် - ဃ)	• အတိုးနှုန်းသက်သာပြီး ကာလရှည် ထုတ်ချေး ပေးနိုင်မည့်အဖွဲ့မရှိခြင်း • သင့်လျော်သော အတိုး နှုန်း ဖြင့်ချေး ငွေ လက်လှမ်း မမှီနိုင်ခြင်း	• လယ်စိုက်ပျိုးရေးမှ တိရစ္ဆာန်အစားအစာ အလွယ်တကူ ရရှိနိုင် ခြင်း။ • ဝက်မွေးမြူရန် စိတ် ဝင်စားသော မိသားစု များ ရှိခြင်း။	• စီးပွားဖြစ်မွေးမြူရန် ချေး ငွေကို လက်လှမ်းမီမှု မရှိ ခြင်း • ကာလရှည်ချေးငွေ အကူ အညီပေးရေးအဖွဲ့များ ဒေသတွင်း လုပ်ငန်း အကောင်အထည် မဖော် သေးခြင်း။ • အသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်ယူရန် အခွင့်အလမ်း နည်းခြင်း • လိုအပ်သည့်အချိန်တွင်လိုအပ် သလောက်ချေးငွေ ထုတ် မချေးနိုင်ခြင်း။	• ချေးငွေရရှိရန်ချေးငွေ ဌာန များနှင့် ချိတ်ဆက်ခြင်း • ကျေးရွာ စုငွေ/ချေးငွေ အစီအစဉ်အား ပြန်လည် ရေးဆွဲခြင်း • ချေးငွေအတွက် လိုအပ်သော အထောက်အထား များ ပြင်ဆင်ခြင်း	၆။ လုံလောက်သော ပမာဏ နှင့် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များ အား လက်လှမ်း မီရေး
၇။	• ဝင်ငွေတိုးလုပ်ငန်း များအတွက် ငွေ အရင်း အနှီး မတတ် နိုင်ခြင်း	• လုံလောက်သော ရင်းနှီးငွေ မရရှိခြင်း • ချေးငွေလက်လှမ်းမီမှု အားနည်း ခြင်း	• ဝင်ငွေရလုပ်ငန်း များ လုပ်ကိုင်ရန်စိတ်အား ထက်သန်ခြင်း			

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်
ကဏ္ဍ - ပညာရေး						
၈။	• ကျောင်းအိမ်သာလုံလောက်မှုမရှိခြင်း • ဆရာ၊ဆရာမအင်အားလုံလောက်မှုမရှိခြင်း • ကျောင်းသုံးပရိဘောဂ ၀လုံလောက်မှု မရှိ ခြင်း • အထက်တန်းပညာကျေးရွာအတွင်း မသင်ယူနိုင် ခြင်း	• အိမ်သာအရေအတွက်နည်းပါး၍ကျောင်းသားဦးရေများ ပြားခြင်း • အိမ်သာများ ဟောင်းနွမ်းနေခြင်း • ကျောင်းသားဦးရေများ၍ ဆရာ/ဆရာမဦးရေနည်းခြင်း • ပရိဘောဂများမှာဟောင်းနွမ်း၍ မလုံလောက်ခြင်း • ကျေးရွာတွင်းအထက် တန်းကျောင်းမရှိခြင်း	• ကျောင်းသားဦးရေများသဖြင့် အထက်တန်းကျောင်း သို့ လျောက်ထားနိုင်ချေရှိ ခြင်း • ကျောင်းနိမ့်မှုပုလော သို့ အထက်တန်းတက်ရောက်ရန် (၃) မိုင်ကွာ ဝေး၍ ဆိုင်ကယ်ဖြင့်သွားနိုင်ခြင်း • ကျေးရွာသားများ၏ ပညာရေးကဏ္ဍတွင် စိတ်၀င်စားမှု မြင့်မားခြင်း • မိဘဆရာအသင်းမှာ လုပ်ဆောင်နေခြင်း	• အထက်တန်းတက်ရောက် ရန် ယာဉ်လိုအပ်ခြင်း (ဆိုင်ကယ်) နှင့် ကုန်ကျစရိတ် များပြားခြင်း • မိဘဆရာအသင်းမှာ ချိတ်ဆက်မှု အားနည်း နေခြင်း	• မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ ဦးဆောင်၍ကျေးရွာမှငွေကြေး ကောက်ခံရန် • ကျောင်းအိမ်သာ နှင့် ပရိဘောဂများ ဖြည့်ဆည်းပေး ခြင်း • မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန် • ပညာရေး ကော်မတီ ဖွဲ့စည်းပြီး အထက်တန်း အောင်နှုန်း မြင့်မားရေး လုပ်ဆောင်ရန်	၇။ ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး
ကဏ္ဍ - ကျန်းမာရေး						
၉။	• ကျန်းမာရေးဆိုင်ရာ ၀န်ဆောင်မှုများအားလက်လှမ်းမမီခြင်း • ကျန်းမာရေးဆိုင်ရာ ဗဟုသုတအားနည်းခြင်း	• ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှု အားနည်းခြင်း	• ကျန်းမာရေး သင်တန်းများ(အရံသားဖွားသင် တန်း) များ တက်ရောက် ရန် လူငယ်၊ လူရွယ်များ ရှိခြင်းနှင့် စိတ်ပါဝင်စားမှုရှိခြင်း	• ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မှုအားနည်းခြင်း(နန်းတောင်-ကျေးလက်ကျန်းမာရေး ဌာနဖြင့်သာ ဆက်သွယ်မှု များ)	• ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မှုအားနည်းခြင်း(နန်းတောင်-ကျေးလက်ကျန်းမာရေး ဌာနဖြင့်သာ ဆက်သွယ်မှု များ) • ကျန်းမာရေး ၀န်ထမ်းများ တောင်းခံခြင်း အတွက် တင်ပြခြင်း • ကျန်းမာရေး၀န်ဆောင်မှု များအား လက်လှမ်းမီမှုတိုးတက် ရေး • ကျန်းမာရေး အသိပညာပေး ဟောပြောပွဲ များစီစဉ်ခြင်း	၈။ ကျေးရွာ၏ ကျန်းမာ ရေးကဏ္ဍ တိုးတက်လာ စေရေး
ကဏ္ဍ - ရေနှင့်ပတ်၀န်းကျင် သန့်ရှင်းရေး						
၁၀။	• သောက်သုံးရေရှိရန် အချိန်ပေးရခြင်း	• ကျေးရွာရှိစိမ့်စမ်းရေရရှိသော်လည်းအိမ်တိုင်ရာ ရောက်ရေပေးသည့်စနစ်မရှိခြင်း။	• ကျေးရွာလူထုမှအိမ်တိုင်ရာ ရောက်ရေရရှိရန်စိတ်အား တက်ကြွခြင်း • စုပေါင်းညီညွတ်စွာလုပ်	• ၀င်ငွေအနည်းဆုံးမိသားစု များမှ လူအား/ငွေအားပူး ပေါင်းပါ၀င်နိုင်ရန် ခက်ခဲခြင်း	• ကျေးရွာရှိရပ်မိ၊ရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေးဖိတ်ခေါ်ပြီး ဆွေးနွေးခြင်း။	၉။ကျေးရွာတွင် သောက်သုံးရေအိမ်တိုင်ရာရောက်ပိုက်သွယ်တန်းရေး။

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်
			ဆောင်ခဲ့သည့် ဓလေ့ရှိ ခြင်း		• ရွာလူထုထံမှ ပူးပေါင်းပါဝင်မှု ရယူခြင်း • ပုဂ္ဂလိကအလှူရှင်၊ ကျေး လက်ဒေသဖွံ့ ဖြိုးရေးအဖွဲ့ များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	
ကဏ္ဍ - လမ်းပန်း ဆက်သွယ်ရေး						
၁၀။	• အရေးပေါ်ကိစ္စရပ် များအတွက် ခရီး ကြန့် ကြာမှုရှိခြင်း	• မြေသားလမ်းဖြစ်၍ မိုး တွင်းကာလ တွင် လမ်း ချော်ခြင်း • လမ်းပြုပြင်ရန်အားနည်းခြင်း • ရေပြွန်မရှိခြင်း	• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့်ချိ တ်ဆက်မှု ရှိခြင်း • ကျေးရွာလူထုမှလုပ် အားဖြင့်ပါဝင်နိုင်ခြင်း • ကျေးရွာလူထုမှလမ်းခင်း သည့်အတွေ့အကြုံရှိ ခြင်း	• မတည်ငွေလိုအပ်ခြင်း	• လမ်း၊တံတားကော်မတီဖွဲ့စည်း ခြင်း • နန်းတောင်ကျေးလက်လမ်းအား ကျောက်ချောလမ်း (၅) ဖာလုံ ခင်းခြင်း • ရေပြွန် (၂) ခု တပ်ဆင် ခြင်း • မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း	၁၀။ ပို့ဆောင်ရေး အခြေခံ အဆောက် အဦများ တိုးတက် လာစေရေး
ကဏ္ဍ - လျှပ်စစ်မောတ်အားသုံးစွဲ ရေး						
၁၂။	• ဓါတ်အားလိုင်း မှလျှပ်စစ်မီးမရရှိခြင်း	• ပုဂ္ဂလိကဒီဇယ်အင်ဂျင် သုံးလျှပ် စစ်ဓါတ်အား ပေးသည့်အစီအစဉ်ရှိ သော်လည်းဈေးနှုန်းမြင့် မားနေခြင်း	• နန်းတောင်ကျေးရွာ (ကျောင်းနိမ့်နှင့်(၁)မိုင်ခွဲကွာ ဝေး)သို့ (ဖိုးသီးချို) ပုဂ္ဂလိကဓါတ်အားပေးလိုင်းမှ လျှပ်စစ်မီးပေး သည့်အစီ အစဉ်ရောက်ရှိနေ ပြီဖြစ် • လွတ်တော်မှတာဝန်ရှိသူ အားတင်ပြထားပြီး ဖြစ်	• အိမ်ထောင်စုတိုင်းမှကျေးရွာ မီးလင်းရေးငွေအားဖြင့်ပူး ပေါင်းပါဝင်ရန်မတတ်နိုင် ခြင်း	• ကျေးရွာမီးလင်းရေးကော် မတီဖွဲ့စည်းရန်။ • ပုလောမြို့နယ်မှလျှပ်စစ်မီး ပေးသော အဖွဲ့နှင့် ဆက် သွယ် ဆောင်ရွက်ရန်။ • ခန့်မှန်းကုန်ကျငွေ တွက် ချက်ခြင်း • သမဝါယမဦးစီးဌာနမှ ချေး ငွေရရှိရန် ချိတ်ဆက်ခြင်း	၁၁။ ကျေးရွာလျှပ် စစ်မီးရရှိရေးအတွက် အစိုးရဌာနနှင့် ချိတ် ဆက်အဆိုပြု တောင်းခံရေး။
ကဏ္ဍ - လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား						
၁၃။	• လူငယ်များမှ ရပ်ရွာတွင်း ဆုံးဖြတ်ချက် ချ သည့်အပိုင်းတွင် ပါဝင်	• ကျေးရွာတွင်းခေါင်းဆောင် ပိုင်းနေရာများအား ပညာတတ်များနှင့်လူကြီး	• ကျေးရွာရှိလူငယ်များမှာ လူကြီးသူမဦးဆောင်မှုကိုနာခံ ၍ပူးပေါင်းပါဝင်သည့်ဓလေ့ရှိ	• လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးအား စိတ်ပါဝင် စား၍ ဦးဆောင် ဆောင်ရွက်လုပ်	• လူငယ်များစွမ်းဆောင်ရည် မြင့်မားလာ ခြင်း • အခြေခံ ခေါင်းဆောင်မှု	၁၂။ လူငယ်များအား စွမ်းဆောင်ရည်မြှင့် တင် ပေးရေး

စဉ်	ပြဿနာ	အကြောင်းအရင်း	အလားအလာ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်
	ရန်ယုံကြည်မှုမရှိခြင်း • ကျေးရွာလူငယ် များအနေဖြင့် အပန်းဖြေ ရန်နှင့် ဗဟုသုတ ရရှိမှု အခွင့်အလမ်း နည်းပါးခြင်း	များကိုသာ ဦးစားပေးရွေးချယ်ခြင်း • စာကြည့်တိုက်၊ အင်တာနက်၊ သတင်း၊ ဂျာနယ် တို့ကို လက်လှမ်း မီမှုအားနည်းခြင်း • အားကစားပစ္စည်းများ ဝယ်ယူရန်ငွေကြေးမတတ်နိုင်ခြင်း • အခြေခံပညာတတ်မြောက်မှု အဆင့် နိမ့်ခြင်း	ခြင်း • ကျေးရွာဖွံ့ဖြိုးရေးတွင် ပူးပေါင်းပါဝင်လိုစိတ်ရှိ ခြင်း • ရိုးရာ၊ ယဉ်ကျေးမှုကို ထိန်းသိမ်းလိုစိတ်ရှိခြင်း	ကိုင်မည့် အဖွဲ့များမရှိခြင်း	သင်တန်း • အဖွဲ့အစည်း စီမံခန့်ခွဲမှုသင်တန်း • ဆက်ဆံရေး နှင့် ပံ့ပိုးမှု တိုးတက်လာစေရေး သင်တန်း	

ကိုးကားစာရင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ပုလောမြို့နယ်၊ ကျောင်းနိမ့်ကျေးရွာတွင် ၂၀၁၅ ဧပြီလတွင် ကျင်းပခဲ့သော ကျေးရွာအခြေ အနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -
စီမံချက်အမည် -
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည်ဝင်မည့်အစီအစဉ်
• .....(ငွေသား) • .....(ငွေသား) • .....(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် - ၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့် စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)
(၂) စီမံချက်စတင်မည့်အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ